# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၅၉)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၁၅-၅-၂ဝ၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၄)ကြိမ်မြောက် လှူဒါန်းသည့် Operation Room ၉၅ လုံးနှင့် Modular(prefabricated) house ၁၈ဝ၄ လုံးတို့ကို လွှဲပြောင်းလက်ခံ




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၄)ကြိမ်မြောက် လှူဒါန်းသည့် Operation Room ၉၅ လုံးနှင့် Modular(prefabricated) house ၁၈ဝ၄ လုံးတို့ကို တာဝန်ရှိသူများ လွှဲပြောင်းလက်ခံစဉ်။

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် Operation Room ၉၅ လုံး တင်ဆောင်လာသည့် MTT Sapangar သင်္ဘောသည် မေ ၁၂ ရက် ညနေ ၆ နာရီခွဲ နှင့် Modular(prefabricated) house ၁၈ဝ၄ လုံး တင်ဆောင်လာသည့် SOUTHERN VENTURE သင်္ဘောသည် မေ ၁၃ ရက် ညနေ ၆ နာရီ ၃၈ မိနစ် တို့တွင် သီလဝါ(MITT)ဆိပ်ကမ်းသို့ အသီးသီးရောက်ရှိခဲ့သည်။

ထိုသို့ရောက်ရှိလာသည့် Operation Room ၉၅ လုံးနှင့် Modular (prefabricated) house ၁၈ဝ၄ လုံးတို့ကို ယနေ့ နံနက်ပိုင်းက လွှဲပြောင်းလက်ခံရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်


စာမျက်နှာ ၃ သို့ ❖


## ယနေ့ ဖတ်စရာ အညွှန်း


လိဂ်ချန်ပီယံရှစ် Play-offs ပိုလ်လုပွဲသို့ ဆန်းဒါးလန်းအသင်း တက်ရောက်

စာမျက်နှာ ၁၁

သုဓမ္မာရေပ်ရိပ်က အတိတ်မြင်အလွမ်း(၅) (ဆောင်းပါး)

စာမျက်နှာ ၁၇

အကျိုးပြုဘက်တီးရီးယားဆေး သောက်သုံးလျှင် မကောင်းသော ခံစားမှုများကို လျှော့ချနိုင်ဖွယ်ရှိ

စာမျက်နှာ ၁၈


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃ဝ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၅ ခုနှစ်၊ မေ ၁၅ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မကြာမီတွင် မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး လျှင်ကြီးကြောင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများဖြစ်ပွားလာပါက ထိရောက်စွာ ထိန်းချုပ်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စောစီးစွာ ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။ ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိကာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ၊ ကာကွယ်ဆေး ထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ၊ ခြင်လောက်လမ်းနှိမ်နင်းခြင်း လုပ်ငန်းများ၊ ယာယီစခန်း စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရောဂါ ဖြစ်ပွားမှုရှိပါက ထိရောက်စွာကုသမှုပေးရေးနှင့် ဆေးနှင့်ဆေး ပစ္စည်းများကို အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စီမံခန့်ခွဲမှုများကို ဆက်လက်အားဖြည့်ကာ အလေးပေးဆောင် ရွက်ကြစေလိုပါကြောင်း။

ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် သဘာဝဘေး အန္တရာယ်ဖြစ်စဉ်နှင့် အရေးပေါ်အခြေအနေများတွင် အသုံးပြု ရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများကို ကြိုတင်စုဆောင်းထား ရှိခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်၍ သဏ္ဌာန်တူလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ထားရှိစေလိုပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက မေ ၁၃ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)နေပြည်တော်၌ Semivirtual စနစ်ဖြင့် ကျင်းပသည့် ကူးစက်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့် ပြည်သူ့ ကျန်းမာရေးအရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးကဏ္ဍဆောင်ရွက်ထားရှိမှုနှင့် ကြိုတင်ပြင်ဆင်ထားရှိမှု များကို ရှင်းလင်းတင်ပြသည်။

ရာသီအကူးအပြောင်းတွင် ပတ်ဝန်းကျင်အခြေအနေများ ပြောင်းလဲသကဲ့သို့ မိမိတို့၏ခန္ဓာကိုယ်တွင်လည်း ကိုယ်ခံစွမ်းအား တို့ ကျဆင်းသွားရာ ပြင်ပရောဂါများ ဝင်ရောက်မလာစေရန် အာဟာရပြည့်ဝစွာ စားသောက်ခြင်း၊ လုံလောက်စွာအိပ်စက် ခြင်း၊ ဥတုသပ်ပါယ မျှတစွာဝတ်ဆင်ခြင်း၊ တစ်ကိုယ်ရေသန့် ရှင်းရေးကိုဂရုပြုခြင်းတို့ဖြင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ရမည်ဖြစ်သည်။

ယခုအခါ မိုးရာသီကာလကို ရောက်ရှိတော့မည်ဖြစ် သဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သွေးလွန်တုပ်ကွေး ရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါအပါအဝင် မိုးရာသီ၌ အဖြစ်များသော အခြား ရောဂါများ ဖြစ်ပွားမှု လျှော့ချနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား တတိယအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်

**မန္တလေး မေ ၁၄**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ ဝန်ထမ်း များအား ယခုဘဏ္ဍာရေးနှစ် အတွင်း တတိယကြိမ် ဟင်းသီး ဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ တော်စည်ပင်သာယာရေးကော် မတီရုံး (၆)ထပ်ဆောင်အောက် မြေညီထပ်တွင် ပေးအပ်ခဲ့သည်။



မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီး ဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်း များ သက်သာချောင်ချိရေး အတွက် ထောက်ပံ့ပေးခြင်းဖြစ် ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိ ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူ ရေးဌာန တာဝန်ရှိသူထံမှ သိရ သည်။

တတိယကြိမ်ဟင်းသီးဟင်း ရွက်များ ထောက်ပံ့ပေးအပ်ရာတွင် ကန်စွန်းရွက် ၄၀၀ စည်း၊ ချဉ် ပေါင်ရွက် ၁၂၀ စည်း၊ ငွေတောက် ရွက် ခုနစ်ထုပ်(တစ်ဆယ်ကျပ် သားထုပ်)၊ ဘူးသီး ၁၃၀ လုံး၊ ငရုတ်သီး ၃၈ ထုပ်၊ ဘူးညွန့် ၅၀ စည်းတို့ကို စီမံရေးရာဌာနရှိ ဝန်ထမ်း ၁၂၈ ဦး၊ စည်ပင်သာ ယာရဲတပ်ဖွဲ့(ရုံးပေါ်) ၄၂ ဦး၊ ဈေးနှင့် သားသတ်ဌာန(ရုံးပေါ်) ၄၁ ဦး၊ သန့်ရှင်းရေးဌာန(ရုံးပေါ်) ၃၇ ဦး၊ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန(ရုံးပေါ်) ၇၂ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ရှိဝန်ထမ်း ၄၅ ဦးတို့အား စိုက်ပျိုး ရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့် တာဝန် ရှိသူများက အချိုးကျခွဲဝေ ထောက်ပံ့ပေးအပ်ကြရာ တာဝန် ရှိသူများက လက်ခံရယူခဲ့ကြ ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာ နိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်း ရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများ ကို အထူးသက်သာသောဈေးနှုန်း ဖြင့် ယနေ့နံနက်ပိုင်းက အောင် မြေသာစံမြို့နယ်၊ အကွက်(၁၂)၊ အနိုပ်တော်ရပ်ကွက်၊ လမ်း၆၀နှင့် ၁၉လမ်းထောင့်၊ ချမ်းမြသာစည် မြို့နယ်၊ အကွက်(ချ-၁ နှင့် ၂ ကြား)၊ မြို့ကွက်(၃)ရပ်ကွက်၊ ၆၁ လမ်းနှင့် ၁၀၇လမ်းထောင့်၊ စက်ရုံ နှင့် မော်တော်ယာဉ်ဌာန တောင် ဘက်တို့တွင် ရောင်းချပေးခဲ့ သည်။ **(အောက်ပုံ)**

သက်သာဈေးရောင်းချ မည့်အစီအစဉ်ကို မေ ၁၅ ရက် တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ ကြားတွင်လည်းကောင်း၊ မေ ၁၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရ မြို့နယ်၊ လေးစုရပ်ကွက်၊ လေးစု မှော်ရုံ၊ အ.ထ.က(၁) အနောက် ဘက်တွင်လည်းကောင်း၊ မေ ၁၇ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆ လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက် မော်တောင်ရပ်ကွက်၊ အကွက် (၄၄၈)၊ ဒေါနခြံ၊ ဒေါနသုခလူမှု ကူညီရေးရုံးအနီး၊ ကန်တော်ကြီး အရှေ့ပတ်လမ်းတို့တွင် လည်း ကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေ မှုအစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေး ရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန် ရှိသူများ၊ မန္တလေးမြို့တော်စည် ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင် နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး ပြည်သူများ အဆင် ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)




### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ဆန်များ ပေးအပ်

နေပြည်တော် မေ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ရွှေနော်သီရိခန်းမ၌ ကျင်းပပြုလုပ်သည့် ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှင့် ဆန်တစ်ပြည်နှုန်းဖြင့် ယာယီနေရပ်စွန့်ခွာသူ စုစုပေါင်း ၂၇၃ ဦး အတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

# ကုန်စည်နှင့် ဝန်ဆောင်မှုများ အာမခံချက်ပေးခြင်းနှင့် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးများ သင်တန်းပို့ချ

**မန္တလေး မေ ၁၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်ရည်ရွယ်၍ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အာမခံချက်ပေးခြင်းနှင့် အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးများအား သင်တန်းပို့ချမှုကို ယမန်နေ့ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံး သင်တန်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန မြင်းခြံခရိုင်ဦးစီးမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဦးစီးအရာရှိများက စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်စည်နှင့် ဝန်ဆောင်မှုများ အာမခံချက်ပေးခြင်း၊ စားသုံးသူက တောင်းဆိုနိုင်သော အခွင့်အရေးများကို သင်တန်းပို့ချခဲ့သည်။

သင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ နွားထိုးကြီးမြို့နယ်တို့မှ ဝန်ထမ်းများက အွန်လိုင်းဖြင့် သင်တန်းတက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ဓဝဲပုံ)

(၀၄၅)




လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ။

❖ ရှေ့ဖုံးမှ

အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ (၁၄)ကြိမ်မြောက် လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါ ရောက်ရှိလာသည့် Operation Room ၉၅ လုံးကို ကျန်းမာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဒေသများသို့ ပို့ဆောင်သွားမည်ဖြစ်ပြီး Modular (prefabricated) house ၁၈၀၄ လုံးကို SOUTHERN VENTURE သင်္ဘောပေါ်မှ ကုန်တင်ကားပေါ်သို့ ကရိန်းဖြင့်ချနေသည့် အခြေအနေများကိုလည်းကောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့် အခြေအနေများကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့က လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၄

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဓလ



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့သည့်ဒေသများတွင် ICRC မှ ငလျင်ဘေးသင့် ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ ICRC အနေဖြင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း ကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဇော်လင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေး<br>ဦးစီးဌာန(ရုံးချုပ်)<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသား<br>လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးသိန်းဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး (သာသနာရေး)<br>သာသနာရေးနှင့်ယဉ်ကျေးမှု<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကား<br>ပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှု<br>ဝန်ကြီးဌာန |

### မေလ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့် ရက်စွဲ | မိုးရေချိန် စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | မိုးရေချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ပျဉ်းမနား | ၁၄-၅-၂၀၂၅ | ၁၄၀ | ၅.၅၁ | ၂၇-၅-၁၉၈၀ | ၁၂၃ | ၄.၈၄ | ၆၁ |

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး Container House များ တပ်ဆင်နေမှုနှင့် တည်ဆောက်ထားသည့် ယာယီအဆောက်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရုံးအမှတ်(၂၅) ဥပဒေရေးရာ ဝန်ကြီးဌာန ယာယီဝန်ထမ်း အိမ်ရာဝင်း၌ ဝန်ထမ်းများနေထိုင်နိုင်ရန် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သည့် Container House များတပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

**သက်ဆိုင်ရာ ပညာရှင်အဖွဲ့က ပြန်လည်ရှင်းလင်း**

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရှင်အဖွဲ့ခေါင်းဆောင်က ယာယီအဆောက်အအုံများ ဆောက်လုပ် တပ်ဆင်ခြင်းကို Video Clip ဖြင့် ရှင်းလင်းပြသပြီး ယာယီအဆောက်အအုံများ ချထားမည့်မြေနေရာတွင် လက်တွေ့တည်ဆောက် တပ်ဆင်ခြင်းများကို ဆောင်ရွက်ရာ တာဝန်ရှိသူများက တပ်ဆင်တည်ဆောက်နေမှုများကိုလေ့လာ၍ သိရှိလိုသည့် အချက်များကို မေးမြန်းပြီး သက်ဆိုင်ရာ ပညာရှင်အဖွဲ့က ပြန်လည်ရှင်းလင်းသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က Container House များ လာရောက် တပ်ဆင်ပေးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရှင်အဖွဲ့အား ကျေးဇူးတင်စကား ပြောကြားပြီး တည်ဆောက်တပ်ဆင်နေသည့် ယာယီအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**သတင်းစဉ်**

# ငလျင်ဘေးဒဏ်သင့် ရဟန်းရှင်လူပြည်သူများအတွက် အလှူငွေများ လွှဲပြောင်းပေးအပ်

ကန့်ဘလူ မေ ၁၄

မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့် ရဟန်းရှင်လူပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လှူဒါန်းငွေများ လွှဲပြောင်း ပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ မြို့နယ်သံဃနာယကအဖွဲ့ရုံး၌ မေ ၁၃ ရက် မွန်းလွဲ ၁ နာရီ က ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသော ဆရာတော်၊ သံဃာတော်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကန့်ဘလူမြို့နယ် နတ်ပေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက ငလျင်ဘေးသင့် ရဟန်းရှင်လူပြည်သူများအတွက် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း မြွက်ကြားသည်။

ထို့နောက် ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်၊ တန့်ဆည်မြို့နယ်နှင့် ရေဦးမြို့နယ်များမှ သံဃာတော်များနှင့် စေတနာ ရှင်အလှူရှင်များကိုယ်စားမြို့နယ်သာသနာရေးမှူး ဦးထွန်းထွန်းဇော်(တာဝန်ခံ)က အမှတ်(၂) နည်းဗျူဟာမှူး ဗိုလ်မှူးကြီး သိန်းထွဋ်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းကျော်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်ဆန်းတို့ထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အလှူရှင် ဆရာတော်များ၊ အမှတ်(၂) နည်းဗျူဟာမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းလင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းနှင့် ကန့်ဘလူမြို့နယ်မှ ဆရာတော်၊ သံဃာတော်များနှင့် အလှူရှင်များက ငွေကျပ် ၂၄၀၀၀၀၀၀၊ ကျွန်းလှမြို့နယ်မှ ဆရာတော်၊ သံဃာတော်များနှင့် အလှူရှင်များက ငွေကျပ် ၂၀၀၀၀၀၀၊ တန့်ဆည်မြို့နယ်မှ ဆရာတော်၊ သံဃာတော်များနှင့် အလှူရှင်များက ငွေကျပ် ၁၁၀၀၀၀၀၊ ရေဦးမြို့နယ်မှ ဆရာတော်၊ သံဃာတော်များနှင့် အလှူရှင်များက ငွေကျပ် ၁၇၅၆၀၀၀၊ စုစုပေါင်း ၂၈၈၅၆၀၀၀၊ သင်္ကန်းဒွိအစုံ၂၀နှင့် အဝတ်အစားမျိုးစုံတစ်အိတ်(ပီနံအိတ်ထုပ်ကြီး)တို့အား လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (၄၈၀)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်း ဝန်ကြီးဌာနများ၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့်အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။(ယာပုံ)





ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ဥပဒေရေးရာဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့အား တရုတ်နည်းပညာရှင်အဖွဲ့မှ တာဝန်ရှိသူများက Prefabricated Office များ၏ Models ၊ အချက်အလက်များနှင့် တပ်ဆင်ရာတွင် ဆောင်ရွက်သွားရမည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရုံးဝင်းအတွင်း တရုတ်နည်းပညာရှင်အဖွဲ့မှ Prefabricated Office များ တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ရောက်ရှိကြပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့်တပ်ဆင်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကျောင်းဖွင့်ချိန်အမီပြီးစီးရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မသုံးထပ်ဆောင်၊ စာသင်ဆောင်များ၊ ကျောင်းသားအိပ်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှုများကိုလည်းကောင်း၊ ယာယီရုံးဖွင့်လှစ်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် အဖြေလွှာစစ်ဆေးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မကြာမီကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ငလျင်ဒဏ်သင့် အဆောက်အအုံများကို သတ်မှတ်အချိန်မီပြန်လည်ပြုပြင်နိုင်ရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်ကြရမည်ဖြစ်ပြီး အရည်အသွေးပြည့်ဝရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးပုံမှန်ရရှိရေး၊ မိလ္လာစနစ်ကောင်းမွန်ရေး ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသို့သွားရောက်၍ ခြံစည်းရိုးပြိုကျပျက်စီးမှုအခြေအနေ၊ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားနှစ်စီးဖြင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်များနှင့် သန့်စင်ခန်းများ ပြန်လည်ပြုပြင်နေမှု၊ သမဝါယမကောလိပ်(မန္တလေး) သုံးထပ်ပင်မဆောင်နှင့်စာသင်ဆောင်များ ပြန်လည်ပြုပြင်နေမှု၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်း၏ နို့ချက်စက်ရုံ၌ နို့ဆီနှင့် ဒိန်ချဉ်ထုတ်လုပ်နေမှုကို လည်းကောင်း၊ သဘာဝမြေသြဇာများ ထုတ်လုပ်နေမှု၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Good Brother ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းတည်ဆောက်သည့် ဆန်စက်ရုံကို ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်ခရိုင် စုပေါင်းရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာနအောက် ဦးစီးဌာန လေးခုမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြား၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ရုံးဝင်းအတွင်း သမဝါယမဦးစီးဌာနရုံး တည်ဆောက်မည့်မြေနေရာကိုလည်းကောင်း၊ အလှူရှင်များလှူဒါန်းထားသော Prefabricated Modular House ငါးလုံးထားရှိမည့်မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် ညောင်ဇောက်ကျေးရွာအုပ်စု ကံဦးစံပြကျေးရွာရှိ ကံဦး (စံပြ) လယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ဆိတ်မွေးမြူရေးခြံသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် မတ်လမှစတင်ပြီး ဆိတ်ကောင်ရေ ၁၂၀ မွေးမြူခဲ့ပြီး မတ်လအထိ ကောင်ရေ ၁၇ ကောင် တိုးပွားလာမှုကိုလည်းကောင်း၊ ပန်းတော်ဆက်ကျေးရွာသို့ သွားရောက်၍ ပန်းတော်ဆက် နို့စားနွားမွေးမြူရေးသမဝါယမအသင်း၏ ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ စပ်မျိုးနွားကောင်ရေ ၁၄၆ ကောင် မွေးမြူခဲ့ပြီး ယနေ့အချိန်ထိ ခြောက်ကောင်တိုးပွားလာမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆီထွက်သီးနှံ မိုးမြေပဲများ စတင်စိုက်ပျိုး

**ကျွန်းလှ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးမြေပဲများ စတင်စိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ **(ယာပုံ)**

"ကျွန်တော်တို့ ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ မြေပဲ ငါးဧက စိုက်ပျိုးပြီး ဖြစ်ပါတယ်။ မျိုးဖိုး၊ ထွန်ယက်ခ၊ လုပ်အားခအပါဝင် ငွေကျပ် သုံးသိန်းခွဲခန့် ကုန်ကျပါတယ်။ အရင်နှစ်က မိုးမြေပဲစိုက်ပျိုးခဲ့ရာ ဆောင်းမြေပဲအတွက် မျိုးရရှိပြီး အကျိုးအမြတ်လည်းရရှိခဲ့ပါတယ်"ဟု ရှမ်းစုကျေးရွာမှ မိုးမြေပဲ စိုက်တောင်သူ ဦးနေလင်းက ပြောသည်။

အဆိုပါ မိုးမြေပဲစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မြေပဲမျိုးရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများကို ကွင်းဆင်း၍ အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံ စိုက်ပျိုးရန် ၇၃၁၄ ဧက လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၈၀)



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၉၀ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မေ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အီသီယိုးပီးယားနိုင်ငံသား ၉၀ အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ -ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၁ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၇၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၂၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် စာစီစာကုံးပြိုင်ပွဲကျင်းပ

မကွေး မေ ၁၄

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" "Ending Plastic Pollution Globally" ဟူသည့် ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက မကွေးမြို့ အလက(ရဲကျောင်း) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့မှ အခြေခံပညာအထက်တန်းအဆင့်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁ ဦး ယှဉ်ပြိုင်ဖြေဆိုနေမှုကို မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေးနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မောင်နိုင်မင်း (ပြန်/ဆက်)



## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်


နေပြည်တော် မေ ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မုတ်သုံလေဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညမှ မေ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မေ ၁၈ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ


၁၅-၅-၂၀၂၅ ရက်နေ့မှ ၁၆-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၁၇-၅-၂၀၂၅ ရက်နေ့မှ ၁၈-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၁၉-၅-၂၀၂၅ ရက်နေ့မှ ၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ လှိုင်မြို့နယ်ရှိ နျူကလီးယား နည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာပြီး အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများမှ  သင်တန်းသား သင်တန်းသူများ သင်တန်းစခန်းအလိုက် ပြိုင်ပွဲများပြုလုပ်

**နေပြည်တော် မေ ၁၄**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်း အချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လေ့လာရေးခရီး လာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား ပြခန်း ခန်းမဆောင်၌ ပြသထားသော နျူကလီးယား နည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြ နမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသော ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်း စနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့် စက်၊ နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသထားသည့်ပုံစံငယ်နှင့်လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများသည် ဗီဒီယိုပြခန်းမဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသထားသည့်သီချင်း MTV၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်း ပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယား နည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတို့တွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာပိုစတာများကိုလေ့လာကြည့်ရှုကြသည်။ (အောက်ပုံ)

အလားတူအခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်းများဖြစ်သည့် မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်း၊ မြန်မာပြည် တောင်ပိုင်းသင်တန်း စခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့် သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများသည် နေပြည်တော်ကောင်စီနယ်မြေရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ပြုလုပ်သည့် စခန်းပေါင်းစုံ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ် မောင်းနှင်ခြင်း ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ (အပေါ်ဝဲပုံ)

အဆိုပါပြိုင်ပွဲများ ကျင်းပနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်း အသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်







## ဝင်ငွေတိုးစီမံကိန်းဖြင့် လုပ်ငန်းထူထောင်သူများထံ လုပ်ငန်းလည်ပတ်မှုများအား ကွင်းဆင်းစစ်ဆေး



**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မေ ၁၃ရက်က ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာ(Smart Village)တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးလုပ်ငန်းမှ မော်တော်ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းထူထောင်သူများထံသို့ လုပ်ငန်းမှတ်ပုံတင် များပေးအပ်ခဲ့ပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ ရေရှည်တိုးတက်ရေးနှင့် မိသားစုဝင်ငွေ ပိုမိုရရှိရေးအတွက် ဈေးကွက်ခိုင်မာမှုရှိစေရေး အရည်အသွေးပိုမိုကောင်းမွန်ရန်လိုအပ်ကြောင်းနှင့် လိုအပ်သည့်နည်းပညာများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အားပေးမှာကြားခဲ့သည်။

(ဝဲပုံ))

မောင်ပြည်သူ(မန္တလေး)

## လူဦးရေ ၂၅၀ ကို ကျန်းမာရေးစောင့်ရှောက်မှုပေး

**မန္တလေး မေ ၁၄**

မန္တလေး ခရစ်ယာန်များအသင်းတော် မိတ်သဟာအဖွဲ့ (MCP) Medical Team နှင့် မန္တလေး၊ချမ်းမြသာစည်မြို့နယ် သိုးခြံအားမာန် လူမှုကူညီရေးအသင်း ရွှေမြားမိသားစုတိုက်ပေါင်း၌ မေ ၁၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၄နာရီအထိ ရပ်ကွက်အတွင်းရှိ လူဦးရေ ၂၅၀ ကို ကျန်းမာရေးစမ်းသပ်စစ်ဆေးပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများပေးခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို အမှတ်(၄)ရပ်ကွက်ရှိ ရွှေမြားမိသားစုနေအိမ်တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း လုပ်ဆောင်ရာတွင် ဆေးအဖွဲ့များ သိုးခြံအားမာန် လူမှုကူညီရေးအသင်းမှ ဦးကျော်မျိုးနိုင်၊ ခရစ်ယာန်အသင်းတော်မှ ဒေါ်ခင်မူမူဟန်နှင့် ဆေးအဖွဲ့ Medical Team မှ ဆရာဝန်များနှင့် အဖွဲ့ဝင် ၃၈ ဦးတို့သည် အဆိုပါရပ်ကွက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

# ဆော်ဒီအာရေဗျထက် "ပိုမိုအားကောင်းသော မိတ်ဖက်မရှိ"ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြား



**ဝါရှင်တန် မေ ၁၄**

သမ္မတ ဒေါ်နယ်လ်ထရမ့်က အမေရိကန်ပြည်ထောင်စုအတွက် ဆော်ဒီအာရေဗျထက် "ပိုမိုအားကောင်းသော မိတ်ဖက်မရှိ" ဟု ပထမဆုံးအကြီးစား နိုင်ငံခြားခရီးစဉ်တွင် ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရီယာဒ်မြို့တွင် မိန့်ခွန်းပြောကြားရာတွင် အမေရိကန်သမ္မတသည် ဆီးရီးယားနိုင်ငံအပေါ် သက်ရောက်နေသော စီးပွားရေးပိတ်ဆို့မှုအားလုံးကို ရုပ်သိမ်းမည်ဟုလည်း ကတိပြုခဲ့ပြီး "ကြီးကျယ်ခမ်းနားသော အခွင့်အလမ်း"ဖြင့် ရှေ့ဆက်သွားရန် အချိန်တန်ပြီဟု ပြောကြားခဲ့သည်။

ခရီးစဉ်၏ ပထမနေ့တွင် အမေရိကန်နှင့် ဆော်ဒီအာရေဗျတို့သည် ဒေါ်လာ ၁၄၂ ဘီလီယံ (ပေါင် ၁၀၇ ဘီလီယံ) တန်ဖိုးရှိသော လက်နက်ကိရိယာစာချုပ်အပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုများကို ကြေညာခဲ့သည်။

ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသားကြီးက ရင်းနှီးမြှုပ်နှံမှုများသည် နောက်ဆုံးတွင် ဒေါ်လာ ၁ ထရီလီယံအထိ တန်ဖိုးရှိနိုင်သည်ဟု ထုတ်ဖော်ပြောကြားသည်။

ထရမ့်သည် ၂၀၁၇ ခုနှစ်တွင် သူ၏ ပထမသက်တမ်းအတွင်း ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျကို ရွေးချယ်ကာ ခရီးစဉ်၏ ကျန်အစိတ်အပိုင်းတွင် ကာတာနှင့် ယူအေအီးနိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။

ညီ့သည်တော် သမ္မတ ဒေါ်နယ်လ်ထရမ့်ကို ဆော်ဒီအာရေဗျ တော်ဝင်မိသားစုက လာဗင်ဒါရောင်ကော်ဇောခင်းပြီး ကြီးကျယ်ခမ်းနားသော ညစာစားပွဲဖြင့် ကြိုဆိုခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

**တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ဧည့်သည်တော် ဘရာဇီးနိုင်ငံသမ္မတ လွစ်ဇ်အီနာစီယို လူလာဒါစီလ်ဗာအား ပေကျင်းမြို့တော်၌ ယမန်နေ့က အခမ်းအနားဖြင့် လက်ခံကြိုဆိုနေစဉ်။**

**Mon**



## ယန်းငွေတန်ဖိုး ပြန်တက်လာပြီး သွင်းကုန်ထုတ်လုပ်မှုစရိတ် လျော့ကျ ဂျပန်လက်ကားဈေးနှုန်းများ လွန်ခဲ့သော ဧပြီလအတွင်း မြင့်တက်

**တိုကျို မေ ၁၄**

ဂျပန်နိုင်ငံရှိ လက်ကားဈေးနှုန်းများသည် လွန်ခဲ့သော ဧပြီလအတွင်း တစ်နှစ်အလိုက် ၄ ဒသမ ၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယန်းငွေတန်ဖိုး ပြန်တက်လာမှုကြောင့် သွင်းကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျော့ကျခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သို့သော် လောင်စာဆီနှင့် ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေမှုသည် ကုမ္ပဏီများအနေဖြင့် ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်မှုကြောင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို ထင်ဟပ်စေသည်။

ကုမ္ပဏီများအချင်းချင်း ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ကျသင့်သည့် ဈေးနှုန်းများကို တိုင်းတာသည့် ကော်ပိုရိတ်ဈေးနှုန်း အညွှန်းကိန်းမြင့်တက်မှုသည် ဈေးကွက်ခန့်မှန်းချက်နှင့် ကိုက်ညီပြီး မတ်လတွင် ပြင်ဆင်ခဲ့သည့် ၄ ဒသမ ၃ ရာခိုင်နှုန်း နှစ်စဉ်တိုးတက်မှုကို ချန်ထားခဲ့သည်။

ယန်းငွေအခြေပြု သွင်းကုန်ဈေးနှုန်း အညွှန်းကိန်းသည် ဧပြီလတွင် တစ်နှစ်အလိုက် ၇ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

**Mon**




## တောင်ကိုရီးယားနိုင်ငံအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီ ဂျာမနီနိုင်ငံအခြေစိုက် ဖလက်ကုမ္ပဏီအုပ်စုကို ဝယ်ယူ

**ဆိုးလ် မေ ၁၄**

တောင်ကိုရီးယားနိုင်ငံအခြေစိုက် ဆမ်ဆောင်းအီလက်ထရွန်းနစ်ကုမ္ပဏီသည် ဂျာမနီနိုင်ငံအခြေစိုက် အအေးပေးစနစ်နှင့် အပူပေးစနစ်ထုတ်လုပ်သည့် ဖလက်ကုမ္ပဏီအုပ်စု၏ အားလုံးသောရှယ်ယာများကို ဥရောပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ထရိုက်တန်ထံမှ ယူရို ၁ ဒသမ ၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ ဘီလီယံ)ဖြင့် ဝယ်ယူရန် ယမန်နေ့က သဘောတူညီလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၂၀၁၆ ခုနှစ်က မော်တော်ကား အီလက်ထရွန်းနစ်ပစ္စည်းများ ထုတ်လုပ်သည့် ဟာမန်းအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းများကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၈ ဘီလီယံဖြင့် ဝယ်ယူမည်ဟု ကြေညာခဲ့ပြီးနောက် ဆမ်ဆောင်း၏ အကြီးမားဆုံးဝယ်ယူမှုဖြစ်လာမည်ဟု ဆိုသည်။

ဖလက်ကုမ္ပဏီအုပ်စုသည် ဒေတာစင်တာများအပါအဝင် အဆောက်အအုံနှင့် စက်ရုံအမျိုးမျိုးအတွက် အပူပေး၊ လေဝင်လေထွက်နှင့် လေအေးပေးစနစ်များကို ထုတ်လုပ်သည်ဟု ဆမ်ဆောင်းက ရှင်းလင်းပြောကြားသည်။

ယင်းကုမ္ပဏီအုပ်စုကို ဝယ်ယူခြင်းဖြင့် ဆမ်ဆောင်းသည် ဖန်တီးနိုင်စွမ်းရှိသော အာလီစက်ရုပ်၊ မောင်းသူမဲ့ကားနှင့် အခြားနည်းပညာများ မြင့်တက်လာမှုကြောင့် ဒေတာစင်တာလိုအပ်ချက် တည်ငြိမ်စွာ တိုးပွားလာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဂျပန်နိုင်ငံမှ နစ်ဆန်းကားထုတ်လုပ်ရေးကုမ္ပဏီ အလုပ်သမား ၁၁၀၀၀ ဦး ထပ်မံလျှော့ချသွားမည်

**တိုကျို မေ ၁၄**

ဂျပန်နိုင်ငံမှ နစ်ဆန်းကားထုတ်လုပ်ရေးကုမ္ပဏီသည် ရောင်းအားကျဆင်းမှုကြောင့် လုပ်ငန်းပြုပြင်ပြောင်းလဲရာတွင် နောက်ထပ် အလုပ်သမား ၁၁၀၀၀ ဦး လျှော့ချကာ စက်ရုံ ၇ ခုကို ပိတ်သိမ်းမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဓိကဈေးကွက် နှစ်ခုဖြစ်သော တရုတ်နိုင်ငံတွင် ရောင်းအားကျဆင်းမှုနှင့် အမေရိကန်တွင် ဈေးကြီးစွာ လျှော့ချရောင်းချမှုတို့ကြောင့် ဝင်ငွေများ ထိခိုက်ခဲ့ပြီး ဖေဖော်ဝါရီလတွင် အတည်ပြုခဲ့သော ဟွန်ဒါ၊ မစ်ဆူဘစ်ရှီတို့နှင့် ပူးပေါင်းရန် အဆိုပြုချက် ပျက်သွားခဲ့သည်။

ယခုအလုပ်သမားထုတ်ပယ်မှုနှင့်ပေါင်းလျှင် လွန်ခဲ့သော တစ်နှစ်အတွင်း ကုမ္ပဏီမှ ထုတ်ပယ်မည့် အလုပ်သမား စုစုပေါင်း ၂၀၀၀၀ (သို့) လုပ်သားအင်အား၏ ၁၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။

နစ်ဆန်းတွင် ကမ္ဘာတစ်ဝန်း၌ အလုပ်သမား ၁၃၃၅၀၀ ခန့်ရှိပြီး ဆန်းဒါးလန်းစက်ရုံ၌ အလုပ်သမား ၆၀၀၀ ခန့် လုပ်ကိုင်နေကြသည်။

နောက်ဆုံးထုတ်ပယ်မည့် အလုပ်သမား သုံးပုံနှစ်ပုံမှာ ထုတ်လုပ်ရေးကဏ္ဍမှဖြစ်ပြီး ကျန်သူများမှာ ရောင်းအား၊ စီမံခန့်ခွဲမှု၊ သုတေသနနှင့် စာချုပ်အလုပ်သမားများဖြစ်သည်ဟု ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## ဘိုးရင်းလေယာဉ်များ ရယူခြင်းဆိုင်ရာ တားမြစ်ချက်ကို တရုတ်နိုင်ငံဘက်က ပြန်လည်ရုပ်သိမ်းလိုက်ပြီဟု ဆို

**ပေကျင်း မေ ၁၄**

တရုတ်နိုင်ငံသည် ပြည်တွင်းလေကြောင်းလိုင်းများအား ဘိုးရင်းလေယာဉ်များ ရယူခြင်းဆိုင်ရာ တားမြစ်ချက်ကို ယမန်နေ့က ရုပ်သိမ်းလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား တိုးမြှင့်ထားသည့် အခွန်နှုန်းများကို ယာယီလျှော့ချရန် သဘောတူညီမှုရပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ အစိုးရအရာရှိများသည် ပြည်တွင်းလေကြောင်းလိုင်းများနှင့် အစိုးရအေဂျင်စီများအား အမေရိကန်တွင် ထုတ်လုပ်သော လေယာဉ်များ ပြန်လည်ရယူနိုင်ကြောင်း ယခုအပတ်အတွင်း အသိပေးခဲ့သည်ဟု ဆိုသည်။

ယခင်လက တရုတ်နိုင်ငံရှိ ဘိုးရင်း၏ လေယာဉ်ပို့ဆောင်ရေးစင်တာတွင် လေယာဉ်အနည်းဆုံး သုံးစင်းကို အမေရိကန်သို့ ပြန်လည် ပို့ဆောင်ခဲ့သည်။

ကမ္ဘာ့အကြီးဆုံး စီးပွားရေးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲ၏ အစိတ်အပိုင်းအဖြစ် တရုတ်နိုင်ငံတွင် ဘိုးရင်းလေယာဉ်များ တင်သွင်းခြင်းကို လွန်ခဲ့သော တစ်လက တားမြစ်ခဲ့ကြောင်း သိရသည်။

**Mon**

## အီရတ်နိုင်ငံတွင် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေပြဋ္ဌာန်းကြေညာ အိုင်စီးလ်အဖွဲ့ဝင်များအပါအဝင် လူ ၁၉၀၀၀ ကျော်ကို လွှတ်ပေး

**ဘဂ္ဂဒက် မေ ၁၄**

အီရတ်နိုင်ငံသည် အကျဉ်းထောင်စနစ်တွင် အကျဉ်းသားများ ကျပ်တည်းနေမှုကို လျှော့ချရန်အတွက် ပြဋ္ဌာန်းလိုက်သော လွှမ်းခြုံသည့် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေအရ အိုင်စီးလ်အဖွဲ့ဝင်များအဖြစ် ပြစ်ဒဏ်ကျခံထားရသူများအပါအဝင် အကျဉ်းသား ၁၉၀၀၀ ကျော်ကို ယမန်နေ့က လွှတ်ပေးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရားစီရင်ရေးအာဏာပိုင်များက အသေချာဆုံး ဖြေရှင်းချက်အရ အချို့သော အကြမ်းဖက်မှုနှင့်သက်ဆိုင်သည့် စွဲချက်များဖြင့် ပြစ်ဒဏ်ကျခံထားရသူများအား ဥပဒေအရ လွတ်ငြိမ်းခွင့်များ ပေးခဲ့သည်။

ထိုဥပဒေတွင် အိုင်စီးလ်အဖွဲ့ဝင်ဟောင်းများအပါအဝင် သေဒဏ်ထိုက်သူများကို စီရင်မည့်ကိစ္စအားလုံးကိုလည်း ဆိုင်းငံ့ထားသည်။

၂၀၁၄ ခုနှစ်တွင် အီရတ်နိုင်ငံတစ်ဝန်း သိမ်းပိုက်ခဲ့ပြီး မိုဆူလ်၊ တီကရစ်နှင့် ဖလူဂျာကဲ့သို့သော မြို့ကြီးများကို သိမ်းယူခဲ့သော အိုင်စီးလ်အဖွဲ့သည် ၂၀၁၇ ခုနှစ်တွင် ရှုံးနိမ့်ခဲ့သည်အထိ နိုင်ငံ၏ သုံးပုံတစ်ပုံနီးပါးကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

၎င်းတို့ထိန်းချုပ်ခဲ့သည့် နှစ်များအတွင်း လူထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီး လူသိန်းနှင့်ချီ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ယာဇီဒီလူမျိုးများ အကြီးအကျယ် သေဆုံးခဲ့ကာ နယ်မြေပေါင်းများစွာ ပျက်စီးကျန်ရစ်ခဲ့သည်။

အီရတ်တပ်မတော်က အိုင်စီးလ်ထိန်းချုပ်ထားသော နယ်မြေများကို ပြန်လည်သိမ်းပိုက်ချိန်တွင် အဖွဲ့ဝင်များစွာကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇နာရီက မြို့မဈေးအတွင်း၌ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်)အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေး ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(ဝဲပုံ)

**နောင်နောင်(မိဿနိုးမြေ)**

၀-၀-၀-၀-၀-၀





# လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်း အမိုးပျက်စီး

**ဆီဆိုင် မေ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် တဘက်ကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၏ အမိုးပျက်စီးခဲ့သည်။

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နောင်ခမ်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၏ ပင်မဆောင်ဖြစ်သော အုတ်ညှပ် အလျား ပေ ၉၀၊ အနံပေ ၃၀ တစ်ထပ်ကျောင်းဆောင်မှ သွပ်မိုး၊ မြားတန်းနှင့် မျက်နှာကြက်များ ပျက်စီးခဲ့သည်။ အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



# ဝေါမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ညနေ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မန္တလေးမှ ဘားအံဘက်သို့ ကျော်ဇင်ဦး ဆိုသူ မောင်းနှင်ပြီး မမွန်မွန်ငြိမ်း ဆိုသူ လိုက်ပါလာသည့် MITSUBISHI FUSO ၁၂ ဘီးမော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မီးပိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ပျော်ဘွယ် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ရန်ကုန်-မန္တလေးသွားကားလမ်းဟောင်းဘေး၊ တမာကုန်းကျေးရွာအုပ်စု၊ တမာကုန်းကျေးရွာနေ ဦး----- ၏ သက်ငယ်မိုး၊ ထရံကာ၊ မြေစိုက်လူနေတဲတွင် မီးပိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှု မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မျိုး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၂၈ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၅ ဦးသည် မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ယင်းတော်နယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ပြည်သာယာနယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မီးသတ် ဆေးဘူး DCP 3kg ၂၀ ဘူးတို့ဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့သည်။



မီးလောင်မှုကြောင့် ဦး--- ၏ (၁၀× ၁၀)ပေ၊ သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း၊ မြေစိုက်လူနေတဲတစ်လုံး အပါအဝင်(၁၀×၁၀)ပေ သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း၊ မြေစိုက်လူနေတဲ ၁၇လုံးနှင့် အတွင်းပစ္စည်းများ မီးလောင်ကာ စုစုပေါင်းငွေကျပ် ကိုးသိန်းသုံးသောင်းကျော် ဆုံးရှုံးခဲ့ပြီး မီးပေါ့ဆစွာ သုံးစွဲသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၇)**

# မိုးညှင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက် ၁၁နာရီခွဲက သက်သေများနှင့်အတူ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ဟိန်းမျိုးမင်း(ခ)ကိုမျိုး ဆိုသူ မောင်းနှင်ပြီး အာကာ ဆိုသူ လိုက်ပါလာသည့် SUPER CUSTOM အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ အလေးချိန် ၁၃ ဒသမ ၅၆၃ ကီလို၊ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၁ ဒသမ ၂၄ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄ နာရီခွဲတွင် အဆိုပါမူးယစ်ဆေးဝါးများအား လက်ခံမည့်သူ ဇော်လတ်(ခ) အားနိုက်နှင့် ဘရန်ဆန်အောင် ဆိုသူတို့အား မိုးညှင်းမြို့ အဝင်တွင် မော်တော်ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဟိန်းမျိုးမင်း(ခ)ကိုမျိုး (၃၁)နှစ်၊ အာကာ(၂၄)နှစ်၊ ဇော်လတ်(ခ)အားနိုက်(၃၀)နှစ်နှင့် ဘရန်ဆန်အောင်(၂၀)နှစ်ဆိုသူတို့အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

**မီး သတိပြု။**

# ပြုကောင်းပါ ဒါနဆိုတဲ့အရာ

လှူရယ်လို့ဖြစ်လာရင် ဒါန(ပေးလှူခြင်း) ပြုမှသာလျှင် လှူဖြစ်ရကျိုးနပ်သည်ဟု ဆိုကြပါသည်။ အနည်းငယ်ပေးလှူခြင်းဖြင့်လည်း ဒါနဖြစ်နိုင်သလို များများပေးလှူခြင်းဖြင့်လည်း ဒါနမြောက်ပါသည်။ စေတနာ သုံးတန်ဖြစ်သည့် ပုဗ္ဗစေတနာ၊ ပုဉ္စစေတနာ၊ ပရစေတနာမြောက်ဖို့ လိုအပ်လှပါသည်။

မည်သည့် အလှူမျိုးဖြစ်စေ ဒါနမြောက်ပါသည်။ ဒါနပါရမီ ဖြည့်ဆည်းခြင်းလည်း မည်ပါပေသည်။ တစ်ဆင့်တစ်ဆင့်တက်လှမ်း၍ ဒါနပါရမီပြုတတ်ဖို့ လိုအပ်လှပါသည်။ ဒါနဒသပါရမီ- သားမယား၊ စည်းစိမ်ဥစ္စာကို ဂရုမထားဘဲ ဖြည့်ဆည်းခြင်း၊ ဒါနဥပပါရမီ- မိမိ၏ ကိုယ်လက်အင်္ဂါကို ဂရုမပြုဘဲ ဖြည့်ဆည်းခြင်း၊ ဒါနပရမတ္ထပါရမီ-မိမိ၏ အသက်ကိုဂရုမပြုဘဲ ဖြည့်ဆည်းခြင်းတို့ ဖြစ်ပါသည်။

ဒါနပါရမီ ဖြည့်ဆည်းလိုက်သည်နှင့် - ကာယသုစရိတ- ကိုယ်၏ ကောင်းကျိုးများပြည့်စုံစေသည်။ ဝစီသုစရိတ-နှုတ်၏ ကောင်းကျိုးများပြည့်စုံစေသည်။ မနောသုစရိတ-စိတ်၏ ကောင်းကျိုးများ ပြည့်စုံစေပါသည်။

ဤသို့ ကောင်းကျိုးများပြည့်စုံစေသော ဒါနကို မြတ်ဘုရားက အောက်ပါအတိုင်း ထင်ရှားစွာ မြင်နိုင်ရန် ဥပမာပြဟောညွှန်တော်မူပါသည်။

**၁။ ဒါနံပရိစ္စာဂလက္ခဏံ**

ဒါနသည် ပေးကမ်း၊ စွန့်ကြဲ၊ လှူဒါန်းခြင်း၏ လက္ခဏာဖြစ်ပါသည်။ မိမိနှင့် တန်းတူသူကို ပေးကမ်းသည်။ မိမိအောက်နိမ့်ကျသူကို စွန့်ကြဲသည်။ မိမိထက်အသက်ဂုဏ်ရှိန်ကြီးသောသူ၊ မိမိထက်မြတ်သောသူတို့ကို လှူဒါန်းသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

ဤကဲ့သို့ ဒါနပြုလုပ်ခြင်းကို အမြင့်ဆုံးမှသည် အနိမ့်ဆုံးသို့ ခွဲခြားရာတွင် သမ္မာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓါ၊ ဖိုလ်လေးပါး စံဝင်သူ၊ မဂ်လေးပါး စံဝင်သူ၊ ရသေ့ရှာန်ပျံ၊ သီလဝန္တပုဂ္ဂိုလ်၊ ဒုသီလပုဂ္ဂိုလ်၊ တိရစ္ဆာန်ဟူ၍ ဖြစ်ပါသည်။ တိရစ္ဆာန်လေးများကို ကျွေးမွေးရခြင်းသည် ဒါနမြောက်သည်ဆိုပါလျှင် လူလူချင်း ပေးကမ်းရခြင်းသည် ပို၍ ဒါနမြောက်ပါသည်။ ထိုထက် တစ်ဆင့်ပြီးတစ်ဆင့် ဘုရားရှင်ကို လှူဒါန်းရသည်ဆိုပါလျှင်မူ ဆိုဖွယ်ရာ မရှိပါပြီ။

**၂။ ဒါနံသဂ္ဂသသောပါဏံ**

ဒါနသည် နတ်ပြည်တက်ရန် စောင်းတန်းလှေကားနှင့် တူပါသည်။ ဒါနပြုခြင်းဖြင့် နတ်ပြည်သို့ အဆင်သင့်တက်ရန် လှေကားထောင်ပြီးနှင့်ပါပြီ။ နတ်ပြည်သွားရန် လွယ်ကူသွားပါပြီ။ မည်သည့်အချိန်ဖြစ်ဖြစ် နတ်ပြည်ရောက်ရန် အလွန်လွယ်ကူသွားပါပြီ။ အကြိမ်ကြိမ်အလှူဒါနပြုပါလျှင် အကြိမ်ကြိမ်လှေကားတပ်ဆင်ပြီးနှင့်ပြီဟု မှတ်ယူရပါသည်။ နတ်ပြည်ရောက်ပြီးမှ သောတာပန်ဖြစ်သူများစွာ ရှိပါသည်ဟု ဘုရားဟော ဓမ္မပဒမှာပါရှိပါသည်။

**၃။ ဒါနံ ပါထေယျမုတ္တမံ**

ဒါနပြုခြင်းသည် သံသရာခရီးသွားရန် ရိက္ခာထုပ်နှင့်လည်း တူပါသည်။ ခရီးသွားသူသည် ပန်းတိုင်မရောက်မချင်း အစာအာဟာရကို ဖြည့်ဆည်းရမြဲဖြစ်သည်။ အားအင်မရှိဘဲ ခရီးဆက်သွားဖို့ မဖြစ်ပါပေ။ ထို့အတူ သံသရာထဲတွင် ကျင်လည်သမျှဥစ္စာ၊ စည်းစိမ်၊ အားအင်များ လိုအပ်ပါသည်။ လိုအပ်သည့်နေရာ လိုအပ်သလိုသုံး၍ ခရီးဆက်ရမည်ဖြစ်ပါသည်။ ဒါနကြောင့် လိုအပ်သည့် အသုံးအဆောင်များ ပြန်လည်ပြည့်ဖြိုးလာရမြဲ ဖြစ်ပါသည်။ အူမတောင့်မှ သီလစောင့်နိုင်သလို ရိက္ခာပြည့်မှ မရပ်မနား သံသရာခရီးသွားနိုင်ပါမည်။

**၄။ ဒါနံ ဥဇုဂတံမဂ္ဂံ**

ဒါနသည် ဖြောင့်ဖြောင့်သွားနိုင်သော ခရီးမှန်လည်း ဖြစ်ပါသည်။ ဒါနပြုခြင်းဖြင့် အခက်အခဲမရှိ၊ အဆီးအတားမရှိသော မိမိလိုရာ ခရီးကို သွားနိုင်ပါသည်။ စိတ်ချမ်းသာစွာဖြင့် ပေါ့ပါးသက်သာစွာ သွားလာနိုင်ပါသည်။ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ၊ မကြန့်ကြာစေဘဲ ခရီးဆုံးတိုင် ရောက်နိုင်ရန် ဒါနက အထောက်အကူပြုပေးပါသည်။ ခရီးပေါက်ရန် မဂ္ဂင်ယာဉ်လိုပါသည်။

**၅။ ဒါနံမောက္ခပဒံဝရံ**

ဒါနပြုခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်သော အကြောင်းစစ်၊ အကြောင်းမှန် ဖြစ်ပါသည်။ နိဗ္ဗာန်ချမ်းသာကို အလိုရှိသူသည် ဒါနပြုခြင်းကို အစပြုရမည်ဖြစ်ပါသည်။ အကြောင်းမူ ဒါနပြုခြင်းသည် ပစ္စည်းဥစ္စာကို မတွယ်တာဘဲ စွန့်လွှတ်ခြင်းဖြစ်သည်။ ပစ္စည်းမတွယ်တာတဲ့အတွက်ကြောင့် လောဘ၊ ဒေါသ၊ မောဟ ကင်းလွတ်သွားသည်။ ထိုသို့ ကင်းလွတ်သောကြောင့် စိတ်စင်ကြယ်၍ ကိလေသာများကို ပယ်ခွာနိုင်လာသည်။ ကိလေသာ (၁၀) ပါးဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ စသည်တို့တွင် အစဉ်အားဖြင့် တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေမိုက်မဲခြင်း၊ ထောင်လွှားခြင်း၊ အယူမှားခြင်း၊ တရား၌ယုံမှားခြင်း၊ စိတ်၏မခန့်ခြင်း၊ စိတ်၏ပျံ့လွင့်ခြင်း၊ မကောင်းမှုမှ မရှက်ခြင်း၊ မကောင်းမှုမှ မထိတ်လန့်ခြင်း စသည်တို့ဖြစ်ပါသည်။

ကိလေသာ ပယ်ခွာလာသည်နှင့် နိဗ္ဗာန်ကို မြင်နိုင်သော သောတာပန်အဆင့်သို့ ရောက်လာပါသည်။ နိဗ္ဗာန်အလျှင်သို့ စီးဝင်နိုင်လာပါသည်။ ထို့ကြောင့် သောတာပန်အဆင့်သို့ တက်လှမ်းရန်

ဒါနအစ၊ မဂ်ပထမ၊ သီလရှေးဦးစွာ . . . ဆိုသည်နှင့်အညီ

- ဒါနကို ပထမ ဖြည့်ကျင့်ရမည်။
- သီလကိုလည်း ရှေးဦးစွာ ဆောက်တည်ရမည်။
- ပထမ မဂ်ရသည်နှင့် သောတာပန်ဇကန်ဖြစ်ပြီး နိဗ္ဗာန်ကို မြင်တွေ့ရပါတော့သည်ဟု ဆိုလိုပါသည်။

ဒါနပြုရသည် ဆိုရာတွင် -

(က) ဒါနပြုတတ်ရမည်။

(ခ) ဒါနပြုနိုင်သူဖြစ်ရမည်။

ဒါနပြုရာတွင် ရှိရှိသေသေ၊ လေးလေးစားစား၊ နှစ်နှစ်ကာကာ နှလုံးသွင်း၍ ပြုရာသည်။ လောကီကို လွန်မြောက်၍ လောကုတ္တရာသို့ ကူးစေရန် ရည်မှတ်အာရုံပြု၍ လှူရမည်။ မိမိလှူသောအရာသည် (၃၁)ဘုံ ကျင်လည်ကုန်သော သတ္တဝါတို့အတွက် အမျှအတန်း ဝေမျှတတ်ရမည်။ မြတ်စွာဘုရားသည် ဘုရားမဖြစ်ခင် အလောင်းတော်ဘဝကပင် ဥစ္စာပစ္စည်းအလှူ၊ သားမယားအလှူ၊ ခြေလက်အင်္ဂါအလှူ၊ အသက်အလှူတို့ကို မတွန့်မဆုတ် လှူဒါန်းတော်မူခဲ့ပြီးနောက် ဘုရားအဖြစ် ရောက်တော်မူခဲ့ပုံတို့ကို ရင်ထဲအသည်းထဲ စွဲမှတ်၍ လှူဒါန်းမှုပြုလျှင် ပို၍ပင်ကောင်းမြတ်လှပါသည်။ အမြဲတမ်းမလှူတောင် တစ်ခါတစ်ရံ လှူရကျိုးနပ်အောင် လှူတတ်ဖို့ လိုသည်ကို စေတနာဖြင့် တင်ပြရပါသည်။ အနည်းငယ်မျှသော အလှူကို အားမလိုအားမရ မဖြစ်စေရာ၊ ပေးလှူတတ်လျှင် နည်းများမဟူ အကျိုးများသည်သာ။

ဒါနကို အမှီပြုဖို့လိုကြောင်း ဆရာတော်တစ်ပါး၏ ဆုံးမကဗျာဖြင့် အဆုံးသတ်လိုက်ရပါသည်။

* **တရွှေ့ရွှေ့ပေပေါ့၊ တမြည့်မြည့်အိုခဲ့ပြီ။**

* **ငါတကားရယ်လို့၊ ဝါကြွားမာန်မဆွယ်နဲ့၊**
**အန္တရာယ်ဒေသခရီးရယ်နှင့်ကွယ် နီးခဲ့တလီ။**

* **သဒ္ဓါကြွပါလို ဒါနကို အစဉ်မှီ၊**
**ပဥ္စသီပ မှန်မှန်ကျောင်း။**

* **သိမှတ်ကာပင် ဝိပဿနာ မကွာတင်လို့၊**
**ငါမမြင် သူမဟုတ်အောင်ကွယ်၊**
**အားထုတ်ဖို့ကောင်း -----။**

**ကဗျာ၏ အဓိပ္ပာယ်**

လူ့ဘဝသည် မသိမသာ တဖြည်းဖြည်း အိုမင်းရွေ့လျောလာခဲ့လေပြီ။ ငါရယ်လို့ မကြွားနဲ့ မာန်မတက်နဲ့။ သေမင်းဆိုသော အန္တရာယ်နှင့် တဖြည်းဖြည်းနီးခဲ့ပါပြီ။ သဒ္ဓါတရားရှေ့ထား၍ ဒါနကို အစဉ်ပြုပါ။ ငါးပါးသီလကိုလည်း မှန်မှန်ဆောက်တည်ပါ။ လူ့ဘဝသည် တစ်ခဏတာဟု သိပြန်၍ ဝိပဿနာရှုခြင်းဖြင့် ငါမှတစ်ပါး၊ ယောကျာ်း၊ မိန်းမ မဟုတ်ဘဲ အရိုးစုကြီးပါပဲလားဟု ပညတ်ပရမတ် ကွဲအောင် ကြိုးစားအားထုတ်ကြရပါလိမ့်မည် တကား။

**စေတနာများစွာဖြင့် . . .**

**သောင်းမြင့်ဇော်-သုံးဆယ်မြေ(မန္တလေး)**

## ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများ တွေ့ဆုံ

**ကျိုင်းတုံ မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများတွေ့ဆုံပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက ကျိုင်းတုံအထွေထွေရောဂါကု ဆေးရုံကြီးတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးကုသမှုခံယူနေသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ပေးကြသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆေးဝါးများ၊ ဆေးရုံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း စသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတိုးမောင်က ဆေးရုံလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကျိုင်းတုံပြည်သူ့ဆေးရုံကြီးရှိ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ သွေးသန့်စင်ခန်း၊ ခွဲစိတ်ခွဲဌာန၊ ခွဲစိတ်မှန်ဌာန စသည့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးသည် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ပညာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် ဆွေးနွေးမှာကြားပြီး ပြည်နယ်ပညာရေးမှူး ဒေါ်နော်ရှယ်က ဒေသအတွင်း ပညာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတကာ အားကစား သတင်းများ



## ဆမ်ဒိုးရီးယားအသင်း စီးရီးစီသို့ ပထမဆုံးအကြိမ်အဖြစ် တန်းဆင်းခဲ့ရ

**လန်ဒန် မေ ၁၄**

ဆမ်ဒိုးရီးယားအသင်းသည် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၇၈နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စီးရီးစီသို့ တန်းဆင်းခဲ့ရပြီဖြစ်သည်။ **(အပေါ်ပုံ)**

ဆမ်ဒိုးရီးယားအသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးဘီ ပွဲစဉ်အားလုံးကစားအပြီးတွင် ရမှတ် ၄၁မှတ်ဖြင့် အဆင့် ၁၈ နေရာတွင် ရပ်တည်ခဲ့ပြီးနောက် စီးရီးစီသို့ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ဆမ်ဒိုးရီးယားအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြအပြောင်းအလဲများစွာ ပြုလုပ်ခဲ့သော်လည်း ရလဒ်ကောင်းများ မရရှိဘဲ ရာသီကုန်တွင် စီးရီဘီသို့သာ တန်းဆင်းခဲ့ရသည်။

ဆမ်ဒိုးရီးယားအသင်း ပရိသတ်များကလည်း စီးရီးစီသို့ တန်းဆင်းခဲ့ရပြီးနောက် အသင်းအပေါ် စိတ်ပျက်ခဲ့ပြီး ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။ **(NGB)**

## ရိုဒရီဂို ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**မက်ဒရစ် မေ ၁၄**

ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ရိုဒရီဂိုသည် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ရိုဒရီဂိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၇ပွဲကစားပြီး ၆၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် တောင်ပံကစားသမား ရိုဒရီဂိုအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## ဂျိမ်းစ်မီနာအား စာချုပ်သက်တမ်းတိုးရန် ဘရိုက်တန်အသင်း စီစဉ်

**လန်ဒန် မေ ၁၄**

ဘရိုက်တန်အသင်းသည် အသင်းဝါရင့် ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရင့်ပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင်၊ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၃ပွဲ ကစားပြီး ခြေစွမ်းပြထားသည်။

ဘရိုက်တန်အသင်းထုတ်ပြန်ချက်တွင် "ဂျိမ်းစ်မီနာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက်ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**

**(NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* လီဗာပူးအသင်းသည် လေဗာကူဆင်အသင်း နောက်ခံကစားသမား ဖရင်းပေါင်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* စီရော်နယ်လ်ဒို၏ သားဖြစ်သူ ခရစ္စတီယာနိုရော်နယ်လ်ဒိုဂျူနီယာပါဝင်ကစားသည့် ပေါ်တူဂီ ယူ-၁၅အသင်းသည် ဂျပန် ယူ-၁၅အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**(NGB)**



## နည်းပြ နူနိုဆန်တို နော်တင်ဟမ်ဖောရက်စ်အသင်းမှ ထွက်ခွာဖွယ်ရှိဟု သတင်းများ ထွက်ပေါ်

**လန်ဒန် မေ ၁၄**

နော်တင်ဟမ်ဖောရက်စ်အသင်းနည်းပြ နူနိုဆန်တိုသည် လက်ရှိအချိန် အသင်းပိုင်ရှင် မာရီနာကစ်နှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (ဝဲပုံ)

အဆိုပါ နည်းပြသည် နော်တင်ဟမ်ဖောရက်စ်အသင်းအား ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃၆ပွဲကစားအပြီးတွင် ရမှတ် ၆၂မှတ်ဖြင့် အဆင့်(၇)နေရာသို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

နည်းပြ နူနိုဆန်တိုသည် နော်တင်ဟမ်ဖောရက်စ်အသင်းအား ၂၀၂၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၈ပွဲတွင် ၂၆ပွဲနိုင်၊ ၁၉ပွဲသရေ၊ ၂၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ နူနိုဆန်တိုအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နော်တင်ဟမ်ဖောရက်စ်အသင်းနည်းပြရာထူးမှ ထွက်ခွာသွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0-0

## လိဂ်ချန်ပီယံရှစ် Play-offs ဗိုလ်လုပွဲသို့ ဆန်းဒါးလန်းအသင်း တက်ရောက်

**လန်ဒန် မေ ၁၄**

လိဂ်ချန်ပီယံရှစ် Play-offs ဗိုလ်လုပွဲသို့ ဆန်းဒါးလန်းအသင်း တက်ရောက်နိုင်ခဲ့သည်။

ဆန်းဒါးလန်းအသင်းသည် လိဂ်ချန်ပီယံရှစ် Play-offs ဆီမီးဖိုင်နယ်အဆင့်တွင် ကိုဗင်ထရီအသင်းအား နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

လိဂ်ချန်ပီယံရှစ် Play-offs ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် မေ ၂၄ရက် မြန်မာစံတော်ချိန် ညနေ ၈နာရီ မိနစ် ၃၀တွင် ဆန်းဒါးလန်းအသင်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဆန်းဒါးလန်းအသင်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ နှစ်သင်းထဲမှ အနိုင်ရမည့်အသင်းသည် ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိသွားမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

**တူရင် မေ ၁၄**

အီတလီနိုင်ငံတွင် ကျင်းပလျက်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။



အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils အား ၇-၆၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် အီတလီတင်းနစ်ကစားသမား Lorenzo Musetti တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)

**(NGB)**

## ဆန်ဒရိုတိုနာလီအား ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ရရှိပါက နယူးကာဆယ်အသင်း ရောင်းချဖွယ်ရှိ

**လန်ဒန် မေ ၁၄**

နယူးကာဆယ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ဆန်ဒရိုတိုနာလီအား ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဆန်ဒရိုတိုနာလီသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နယူးကာဆယ်အသင်းကလည်း ၄င်းတို့ အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် နယူးကာဆယ်အသင်းထံမှ ဆန်ဒရိုတိုနာလီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၅-၅-၂၀၂၅ | (၁၁)ဒိုဆာသူနာ - အက်သလက်တီကို(၃) | ဒိုဆာသူနာ ၀-၂ အက်သလက်တီကို | ဒိုဆာသူနာ(အိမ်) | ၁၇ | ၈ | ၆ | ၃ | ၂၉ | ၂၃ |
| ည ၁၁:၃၀ နာရီ | (အက်သလက်တီကို ၁-၀ ဒိုဆာသူနာ) | အက်သလက်တီကို ၁-၄ ဒိုဆာသူနာ | အက်သလက်(ဧည့်) | ၁၇ | ၇ | ၆ | ၄ | ၂၂ | ၁၃ |
| ။ | (၈)ပယ်လက်ကာနို - ဘက်တစ်(၆) | ပယ်လက်ကာနို ၂-၀ ဘက်တစ် | ပယ်လက်ကာနို(အိမ်) | ၁၇ | ၆ | ၆ | ၅ | ၂၂ | ၂၄ |
| | (ဘက်တစ် ၁-၁ ပယ်လက်ကာနို) | ဘက်တစ် ၁-၀ ပယ်လက်ကာနို | ဘက်တစ်(ဧည့်) | ၁၇ | ၇ | ၄ | ၆ | ၂၂ | ၂၃ |
| ၁၆-၅-၂၀၂၅ | (၁၄)အက်စ်ပန်ညို - ဘာစီလိုနာ(၁) | အက်စ်ပန်ညို ၂-၄ ဘာစီလိုနာ (၂၀၂၂-၂၃) | အက်စ်ပန်ညို(အိမ်) | ၁၇ | ၇ | ၆ | ၄ | ၂၁ | ၁၀ |
| နံနက် ၀၂:၀၀ နာရီ | (ဘာစီလိုနာ ၃-၁ အက်စ်ပန်ညို) | ဘာစီလိုနာ ၁-၁ အက်စ်ပန်ညို | ဘာစီလိုနာ(ဧည့်) | ၁၇ | ၁၂ | ၃ | ၂ | ၄၅ | ၁၉ |
| ။ | (၁၃)ဂီတာဖေး - ဗီလ်ဘာအို(၄) | ဂီတာဖေး ၀-၂ ဗီလ်ဘာအို | ဂီတာဖေး(အိမ်) | ၁၇ | ၄ | ၇ | ၆ | ၁၄ | ၁၅ |
| | (ဗီလ်ဘာအို ၁-၁ ဂီတာဖေး) | ဗီလ်ဘာအို ၂-၂ ဂီတာဖေး | ဗီလ်ဘာအို(ဧည့်) | ၁၇ | ၆ | ၇ | ၄ | ၁၉ | ၁၆ |

# မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်း

**မန္တလေး မေ ၁၄**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋီကျောင်းတော်ကြီးနှင့် ပြတိုက်များ၊ စောင်းတန်းများ၊ မုခ်ဦးပြာသာဒ်များ ပြန်လည်ပြုပြင်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းက အလှူရှင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် သာသနာ့ဂုဏ်ရည် သီလရှင်စာသင်တိုက် ပဓာန နာယကဆရာကြီးနှင့် တပည့်များက မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၅၀ ကို လာရောက်လှူဒါန်းရာ မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး သာဓုအနုမောဒနာခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ (ယာပုံ)

မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁ နှင့် UAB Bank ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၀၀၀၀၀၇၅၀ တို့တွင်လည်းကောင်း၊ ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့နှင့် ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

၀-၀-၀-၀-၀





## ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် အရှေ့ဘက်ခြမ်း၏ ရပ်ကွက်ကြီး(၅)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို အောင်ပင်လယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ယနေ့ နံနက် ၁၀ နာရီက ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေများ လာရောက်ထုတ်ယူသည့် အောင်ပင်လယ်ရပ်ကွက်အတွင်း ငလျင်ဘေးသင့်မိသားစုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးထင်ဇော်ဦးက အားပေးစကားများ ပြောကြားပြီးနောက် တာဝန်ရှိသူများက ရပ်ကွက်အတွင်း ငလျင်ဘေးသင့်ပြည်သူ စုစုပေါင်း ၈၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၂၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၄၆၂၈၀၀၀ ကို လက်ဝယ်အရောက် စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့သည်။

(အပေါ်ပုံ)

ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည့် ကံသာယာရပ်ကွက်၊ အောင်သာယာရပ်ကွက်၊ အောင်ပင်လယ်ရပ်ကွက်၊ မြရည်နန္ဒာရပ်ကွက်နှင့် ထွန်းတုံးရပ်ကွက်များသို့ ချမ်းမြသာစည်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးထွန်းဇံဖြူ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းတို့က လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

## ငလျင်ဘေးသင့်ယာယီကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့မှ ရေမှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



**မန္တလေး မေ ၁၄**

ရေမှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို တရုတ်အစိုးရ၏ ကျန်းမာရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့၊ ဗထူးအားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းနှင့် မန္တလေးမြို့တွင်းရှိ ငလျင်ဘေးသင့်ယာယီကယ်ဆယ်ရေးစခန်းများတွင် ရေမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ယာယီကယ်ဆယ်ရေးစခန်းများ၌ ရေမှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိရာ တရုတ်အစိုးရ၏ ကျန်းမာရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့က လာရောက်ပူးပေါင်း ကူညီဆောင်ရွက်ခြင်းဖြစ်သည်။

တရုတ်အစိုးရ၏ ကျန်းမာရေးနှင့်ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့က ဗထူးယာယီကယ်ဆယ်ရေးစခန်း၌ မေ ၁၃ ရက် ညနေပိုင်းတွင် တပ်ဆင်ထားခဲ့သည့် ခြင်ဖမ်းစက်များ ပြန်လည်သိမ်းဆည်းခြင်း၊ သောက်ရေနှင့်သုံးရေ နမူနာယူခြင်း၊ ငလျင်ဘေးသင့်သူများအား ကာကွယ်ဆေးနှင့် ပတ်သက်၍ မေးမြန်းခြင်း၊ စိတ်ဖိစီးမှုလျော့ကျစေရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မန္တလေး(၆)မြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ပြည်သူများအား ရေမှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် ရေသန့်ဆေးပြားများခတ်ခြင်း၊ သုံးရေကလိုရင်းဆေးခတ်ခြင်း၊ အိမ်သာများ ကလိုရင်းဆေးဖျန်းခြင်း၊ ကြွက်နှင့် ပိုးမွှားများ နှိမ်နင်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး လက်သန့်ဆေးရည်ပေးဝေခြင်း၊ ဆေးစိမ်ခြင်ထောင်များပေးဝေခြင်း၊ မေးခိုင်+ဆုံဆို့ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ OCV ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

## (၅၂)နှစ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပ




**မင်းဘူး မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် (၅၂)နှစ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ Talk Show ကို ယမန်နေ့ ညနေပိုင်းက ကျင်းပသည်။

(အပေါ်ယာပုံ)

အသိပညာပေး ဆွေးနွေးပွဲ Talk Show တွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ၂၀၂၅ ခုနှစ် ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပလတ်စတစ်အမှိုက်ကင်းစင်ရေးနှင့် ပလတ်စတစ်ပစ္စည်းများကို လျှော့ချသုံးစွဲပါက ပတ်ဝန်းကျင်ညစ်ညမ်းမှုများကာကွယ်နိုင်ပြီး ဂေဟစနစ်များလည်း ထိန်းသိမ်းနိုင်သကဲ့သို့ လူသားတို့၏ ကျန်းမာရေးများကောင်းမွန်သည့်အပြင် သီးနှံများလည်း ဖွံ့ဖြိုး၍ အထွက်နှုန်းများလည်း တိုးတက်လာပေမည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် (၅၂)နှစ်မြောက် ဆောင်ပုဒ်မှာ "Ending Plastic Pollution" "ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှုများကို ကာကွယ်၍ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း အသိပညာပေးကာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၀၄)

## ကျန်းမာရေးအသိပညာပေးဟောပြော၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေး

**မန္တလေး မေ ၁၄**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ Grade-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအား ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (ပထမအကြိမ်)တိုက်ကျွေးခြင်း စသည့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မေ ၁၂ ရက်နှင့် ၁၃ ရက်တို့က ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှု၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုတို့ဖြင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇေရာထက် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများသည် မေ ၁၂ ရက်တွင် Grade-12 ကျောင်းသား ၁၄၄ ဦး၊ ကျောင်းသူ ၁၆၃ ဦးကို လည်းကောင်း၊ မေ ၁၃ ရက်တွင် ကျောင်းသား ၅၀ ဦး၊ ကျောင်းသူ ၈၈ ဦးကို လည်းကောင်း၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၄၅ ဦးတို့အား ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး(ပထမအကြိမ်) တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

(၀၉၃)

# အိန္ဒိယနိုင်ငံသို့ ပဲ၊ နှမ်းထွက်ကုန်များ တင်ပို့နိုင်ရေးနှင့် စီးပွားရေးကဏ္ဍ ပြန်လည်ပတ်နိုင်ရန် ဈေးကွက်ချိတ်ဆက်ရေး တွေ့ဆုံဆွေးနွေး



**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးနေလင်း၊ ဒေါ်မြင့်မြင့်သန်း၊ ဦးဇာနည်စိုး၊အတွင်းရေးမှူး ဦးကျော်စိုးနိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးဒုတိယတာဝန်ရှိသူ JMr.AshishharmalFS၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Shri Sundeep Kaushal နှင့် အဖွဲ့ဝင်များသည် မေ ၉ရက် နံနက် ၁၁နာရီက အောင်မြေသာစံမြို့နယ်၊ ၁၄လမ်းနှင့် ၆၂လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ယာယီရုံးခန်းတွင် လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးနေလင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယသံရုံးဒုတိယတာဝန်ရှိသူက မန္တလေးတိုင်းဒေသကြီးသည် ပဲ၊ နှမ်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များ အများဆုံးထွက်သည့် ဒေသဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေး၊ ဈေးကွက်ချိတ်ဆက်ရေးနှင့် သဘာဝဘေးငလျင်ဒဏ်ကြောင့် ထိခိုက်သွားသော စီးပွားရေးကဏ္ဍ အသီးသီးပြန်လည်ပတ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)(ဝ၄၅)



# မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်နှင့် ဝိသာခါဖောင်ဒေးရှင်းတို့က လှူဒါန်းသော ခွဲစိတ်ဆောင်ဖွင့်ပွဲများ ကျင်းပ

**မန္တလေး မေ ၁၄**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ဆောင်များ ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါဆေးရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦး၊ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာအောင်ခိုင်ဖုန်နှင့် ပါမောက္ခဌာနမှူးများ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဝိသာခါဖောင်ဒေးရှင်းနာယက ပါမောက္ခ ဒေါက်တာ ဝင်းမင်းသစ်၊ ဥက္ကဋ္ဌ ဒေါက်တာ စုလှဟန်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီးက အမှာစကားပြောကြားပြီး အလှူရှင်များက လှူဒါန်းမှုနှင့်ပတ်သက်၍ ပီတိစကားများ ပြောကြားကြသည်။ ထို့နောက် ဆေးရုံအုပ်ကြီးက အလှူရှင်များအား ကျေးဇူးတင်လွှာ... ကျောက်မျက်ပန်းချီကားများ အမှတ်တရ ပေးအပ်သည်။

ထို့နောက် ခွဲစိတ်ဆောင်များ ဖွင့်ပွဲကို ခွဲစိတ်ဆောင်များရှေ့တွင် ကျင်းပရာ ဆေးရုံအုပ်ကြီးနှင့် အလှူရှင်များက အသီးသီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး အပေါ်ထပ်ခွဲစိတ်ဆောင်မှ ခွဲစိတ်ခန်းသုံးခန်းကို ဝိသာခါဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၄၇၀၀ အကုန်အကျခံ၍ ခွဲစိတ်ခန်းသုံးစက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ခွဲစိတ်ခန်းများ ပြုပြင်ခြင်း၊ ခွဲစိတ်ဆောင်အောက်ထပ်ရှိ ခွဲစိတ်ခန်းနှစ်ခန်းကို မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်က ငွေကျပ် သိန်း ၅၇၀၀ အကုန်အကျခံ၍ ခွဲစိတ်ခန်းသုံးစက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ခွဲစိတ်ခန်းများ ပြုပြင်ခြင်းများ ဆောင်ရွက်ကြကာ ယခုကဲ့သို့ ဖွင့်ပွဲကျင်းပ၍ လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ငွေများပေးအပ်လှူဒါန်းခြင်းမဟုတ်ဘဲ ဆေးရုံမှ ဆရာဝန်ကြီးများနှင့် တိုင်ပင်ကာ အလှူရှင်များကိုယ်တိုင် ဝယ်ယူတပ်ဆင်ခြင်း၊ ပြုပြင်ခြင်း ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်းရဲချမ်းသာ၊ အယုတ်အလတ်၊ အမြတ်မရွေး အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် ရာသက်ပန် ကုသိုလ်ရရှိနေမှာဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ပုံ)(ဝ၉၃)



# နွေစပါးစိုက်ကေမျာသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆည်ရေသောက်စနစ်ကို အသုံးပြုကာ နွေစပါး ဧက ၉၀၀ ကျော် စိုက်ပျိုးထားရှိမှု အခြေအနေများအား ယမန်နေ့ နံနက်ပိုင်းက တောင်တွင်းကြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများက နွေစပါးများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးနှင့် သွင်းအားစုများ၊ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုပြီး နွေစပါးစိုက်တောင်သူများအား လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရန်ပယ်ဆည်ရေသောက်၊ ငမင်ဆည်ရေသောက်စနစ်ဖြင့် အောင်နိုင်တိုး၊ ဆာပိုးသာ နွေစပါးမျိုးများကို အဓိကထားစိုက်ပျိုးကြပြီး နွေစပါး စမ်းသပ်စိုက်ကွက်များ၊ စပါး မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက်များ၊ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစိုက်ကွက်များ ဖော်ဆောင်၍ စိုက်ပျိုးထားခြင်း၊ မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက်များဖြင့် စနစ်တကျစိုက်ပျိုးခြင်း၊ ကောက်စိုက်သမများဖြင့် စနစ်တကျကွင်းဆင်း၍ ကြိုးတန်းစိုက်ပျိုးခြင်းများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူများ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားလာစေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ကာ ပြည်ပဈေးကွက်များသို့ တိုးချဲ့လာနိုင်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နွေစပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ရန်ပယ်ဆည်ရေသောက်စနစ်ဖြင့် နွေစပါး ဧက ၈၀၀ ကျော်၊ ငမင်ဆည်ရေသောက်စနစ်ဖြင့် နွေစပါးဧက ၁၀၀ ကျော်၊ စုစုပေါင်း ဧက ၉၀၀ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိုဿနိုးမြေ)**

# ဂျီကျေးရွာ၌ လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ) သင်တန်းဖွင့်လှစ်

**အမရပူရ မေ ၁၄**

အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ဂျီကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၃ရက် နံနက် ၉နာရီက အဆိုပါဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ထိုလူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းသို့ အမရပူရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့်ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူ ၂၀ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ အခြေခံအသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ)သင်တန်းကို အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ နည်းပြဆရာမ နှစ်ဦးတို့က မေ ၁၃ရက်မှ ၁၇ရက်အထိ ငါးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**စိုးသီဟ(အမရ)**



# သောက်သုံးရေ လိုအပ်သောနေရာများကို ရေသယ်ယာဉ်များဖြင့် ရေလှူဒါန်း

**ညောင်ဦး မေ ၁၄**

ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု၊ ဇီးပင်ကြီးတဲတိုက်ရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် မေ ၁၀ ရက် နံနက်ပိုင်းက ရေသယ်ယာဉ် နှစ်စီးဖြင့် သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ဝေမျှခြင်းပရဟိတအဖွဲ့က အေးမေတ္တာပရဟိတ ရေလှူအဖွဲ့(တောင်ဇင်း)နှင့် ပူးပေါင်းပြီး ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာအုပ်စု၊ ဇီးပင်ကြီးတဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၆၀၀ အား သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတအဖွဲ့က ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေ လိုအပ်နေသော ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာ စာသင်ကျောင်းများနှင့် ကျေးရွာ၊ တဲတိုက်များကို ရပ်ဝေးရပ်နီးမှ သောက်သုံးရေကုသိုလ်ရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ် ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။ (၄၄၅)



## အဋ္ဌမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး မေ ၁၄**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကသည် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)ဦးဆောင်သည့်အဖွဲ့က မေ ၁၁ ရက် နံနက် ၁၀ နာရီ၊ (ကဆုန်လပြည့်နေ့)အခါသမယတွင် မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ဆင်ပွတ်ကလေးကျေးရွာအနီးရှိ ဗောဓိငါးထောင်ဘုရားရှိ ရွှေညောင်ပင်တွင် အဋ္ဌမအကြိမ်မြောက်အဖြစ် ဆရာတော်၏ကိုယ်စား ဗောဓိငါးထောင်ဘုရားရှိ ဘဒ္ဒန္တသူရိယက ညောင်ရေသွန်းလောင်းပွဲမင်္ဂလာကို ဆင်ယင်ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်နှင့်တကွ တပည့်ဒါယကာ၊ ဒါယိကာမများက ရေသွန်းလောင်းပြီး ၎င်းဘုရားအနီးရှိ ကျောင်းများမှ ဆရာတော်အပါး ၃၀ တို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲပြုလုပ်ပြီး ပထမပိုင်းအစီအစဉ်ပြီးစီးခဲ့သည်။

၎င်းနောက် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အဖွဲ့က ဧည့် သည်တော်များအား မုန့်လက်ဆောင်းဖြင့် ဧည့်ခံပြီးနောက် နံနက် ၁၁ နာရီတွင် ရွာအချို့မှ အခြေခံလူတန်းစား အိမ်ထောင်စုဝင် ၁၂၀ ဦးအား ဆန်၊ ဆား၊ ပဲ၊ ကြက်သွန်၊ အဝတ်အထည်များနှင့် ဆပ်ပြာတို့ကို ကုသိုလ်ရှင်များက ပေးလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၉)

၀-၀-၀-၀-၀

## မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်း မရှိသည့် ဆေးဝါးများရောင်းချခြင်း မရှိစေရေး စစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများ ရောင်းချခြင်း မရှိစေရေး၊ အိမ်သုံးဆေးဝါး၊ တိုင်းရင်းဆေးများတွင် ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ မှတ်ပုံတင်အမှတ်၊ကုန်အညွှန်းအမှတ်အသားတို့ ပြည့်စုံစွာ ဖော်ပြမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့် အဆောက်အအုံများ လိုင်စင်ရ အင်ဂျင်နီယာ၏ထောက်ခံချက်ဖြင့် လျှောက်ထားပြင်ဆင်ရမည်

**မန္တလေး မေ ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ကျရောက်သော (၆)မြို့နယ်အတွင်းရှိ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့် သတ်မှတ်ခံရသော အဆောက်အအုံပိုင်ရှင်များအနေဖြင့် မိမိတို့ အဆောက်အအုံအား ပြန်လည်ပြင်ဆင်လိုသည်များနှင့် ပတ်သက်၍ PE, RSE လိုင်စင်ရ အင်ဂျင်နီယာများ၏ ထောက်ခံချက်ပါသော ပြင်ဆင်ရမည့် Method Statement နှင့်အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။

အဆောက်အအုံ ပြန်လည်ပြင်ဆင်ခြင်းများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)




## (၂၀၂၅-မိုးရာသီ)သစ်ပင်စိုက်ပျိုးရန် လူထုဖြန့်ပျိုးပင် ၅၁၄၀၀ ပျိုးထောင်ထားရှိ

**တောင်တွင်းကြီး မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အပံ့ဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျှော့နည်းပပျောက်စေရန်၊ ပြည်သူလူထုအတွင်း သစ်တော သစ်ပင်ချစ်ခင်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာစေရန်အတွက်(၂၀၂၅-မိုးရာသီ)တွင် မိုးရာသီသစ်ပင်စိုက်ပျိုးရန် လူထုဖြန့်ပျိုးပင်ပေါင်း ၅၁၄၀၀ အား ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

လူထုဖြန့်ပျိုးပင်ပေါင်း ၅၁၄၀၀မှာ မြန်မာကုက္ကို ၇၄၂၀ ပင်၊ တမာ ၇၀၄၀ ပင်၊ ဆီသပြေ ၄၇၃၁ ပင်၊ ရေတမာ ၂၃၅၃ ပင်၊ စိန်ပန်းကြီး ၂၀၃၄ ပင်၊ မယ်ဇယ် ၄၁၀၅ ပင်၊ ပန်းမဲဇလီ ၅၉၁၉ ပင်၊ ယူကလစ် ၉၁၀၀ ပင်၊ ပျဉ်းမ ၁၂၀၀ ပင်၊ စွယ်တော် ၄၄၀ ပင်၊ ဇာဒံ ၄၀၀ ပင်၊ ယင်းမာ ၁၀၀၀ ပင်၊ ဆီးဖြူ ၁၁၀၈ပင်၊ သခွပ် ၂၄၇ ပင်၊ နွယ်သာကီ ၃၀၀ ပင်၊ စက္ကူပန်း ၃၀၀ပင်၊ စိန်တံချူ ၇၀၀ ပင်နှင့် ဖျောက်ဆိပ် ၃၀၀၃ ပင်စသည့် နှစ်ရှည်ပင်များဖြစ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာများနှင့် လမ်းဘေးဝဲ၊ ယာများတွင် စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နောင်နောင်(မိဿနီးမြေ)



## လျှော်ဒဏ်သင့်အိမ်ထောင်စု ၁၅ စုအား အခြေခံစားသောက်ကုန်နှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်း

**မန္တလေး မေ ၁၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲအမှတ် ၅ ရပ်ကွက်၊ လျှော်ဒဏ်သင့် အိမ်ထောင်စု ၁၅ စုအား မေ ၁၃၄ ရက်က မနောကြာဖြူသွေးလှူရှင်နှင့် ပရဟိတအသင်းမှ အခြေခံစားသောက်ကုန်နှင့် အဝတ်အထည်များ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

ထောက်ပံ့လှူဒါန်းမှုတွင် ခုနစ်ရက်သားသမီးအလှူရှင်များကိုယ်စား မနောကြာဖြူသွေးလှူရှင်နှင့် ပရဟိတအသင်းအတွင်းရေးမှူး ကိုစိုး(မနောကြာဖြူ)နှင့် အမှုဆောင်အသင်းသူ၊ အသင်းသားများက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၇၀၀၀၀၊ ဆန်၊ ဆီ၊ ပဲ၊ ငါးသေတ္တာဘူး၊ ပုဆိုး၊ အင်္ကျီ၊ ခေါက်ဆွဲခြောက်၊ အသားတု၊ မုန့်၊ ရှူးရှဲ လက်ဖက်နှပ်ထုပ်၊ မီးဖိုချောင်သုံးပစ္စည်းများအား ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

## ဝါးထရံ ရက်လုပ်ရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိ

**တံတားဦး မေ ၁၄**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ဝါးထရံ တစ်နိုင်တစ်ပိုင် ရက်လုပ်ရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ဝါးထရံရက်လုပ်ရောင်းချသူများထံမှ သိရသည်။

ဝါးအမျိုးအစားမှာ အမျိုးမျိုးရှိပြီး ထရံရက်လုပ်ရာတွင် တင်းဝါးအမျိုးအစားကိုသာ အဓိကသုံးစွဲကြကြောင်းနှင့် အနံ ၆ပေ၊ အလျား ၁၅ပေ၊ ရီးရီးထရံတစ်ချပ်ရက်လုပ်မည်ဆိုပါက တင်းဝါး ၁၀လုံး အသုံးပြုရကြောင်း၊ ကုန်ကျမှုအနေဖြင့် လုပ်အားခအပါအဝင် ငွေကျပ်လေးသောင်းကုန်ကျပြီး ပြန်လည်ရောင်းချပါက ငွေကျပ် ခုနစ်သောင်းကျော်ရရှိကြောင်း၊ ပုံစံဒီဇိုင်းများ၊ ဝါးအကြောများဖြင့် လုပ်ထားသောနီးပူးဝါးထရံ အမျိုးအစားများရက်လုပ်ရောင်းချပါက ရောင်းဈေးပို၍ရရှိသဖြင့် ဝင်ငွေပို၍ရရှိကြောင်း ဝါးထရံရက်လုပ်ရောင်းချသူ ကူတိုးဆိပ်ကျေးရွာ သရဖူဝါးရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဦးထွန်းထွန်းက ပြောသည်။

ထရံများ ရက်လုပ်ရာတွင် ရေရှည်ခိုင်ခံ့စေရန်အတွက် ဝါးများအား ရေဝအောင် စိမ်ထားရကြောင်း၊ ရေမစိမ်သည့်ဝါးများဖြင့်ရက်လုပ်ပါက ဝါးပိုးများထိုးပြီး ရေရှည်ခိုင်ခံ့မှုမရှိကြောင်း၊ ထရံဝယ်ယူသူများအနေဖြင့် ရေစိမ်ဝါးဖြင့် ရက်လုပ်သည့် ထရံများကို ပိုမိုကြိုက်နှစ်သက်ကြကြောင်းနှင့် ဝါးထရံရက်လုပ်မည်ဆိုပါက ရေစိမ်ဝါးရောင်းချသူများထံမှ အများဆုံးဝယ်ယူပြီး ထရံရက်လုပ်ရောင်းချကြောင်း သိရသည်။

(ယာပုံ)

(၄၀၉)



ဖတ်စရာ၊ မှတ်စရာ
စုံလင်

# စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - ဗောဓိပူဇာညောင်ရေသွန်းမင်္ဂလာ
စာရေးသူ - ရဟန်းစာဆိုများနှင့် စာရေးဆရာများ
ထုတ်ဝေသည့်စာပေတိုက် - အမေ့နို့ဖိုး ၊ အဖေ့ချွေးဖိုးစာပေ
တန်ဖိုး - ဓမ္မဒါန
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - မေမြို့ဆွေလင်း
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ၊ မေလ




ဆရာသားအောင်မြင့်(ဖားကန့်) စုစည်းစီစဉ်ပူဇော်ထုတ်ဝေသည့် 'ဗောဓိပူဇာ ညောင်ရေသွန်း မင်္ဂလာ' အထိမ်းအမှတ်စာစောင်အမှတ်(၂)စာအုပ် ဖြစ်သည်။

စာအုပ်မှာ မဂ္ဂဇင်းဆိုဒ်ကြီးဖြစ်ပြီး ရောင်စုံမှတ်တမ်းဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိသည်။ မှတ်တမ်းတင်ကဏ္ဍ၊ ရှေးဦးစကားသိစေငြားကဏ္ဍ၊ နိဒါနပလ္လင်ခံ အချီးစကားကဏ္ဍ၊ ဩဝါဒမွေ့ကထာကဏ္ဍ၊ ကဗျာကဏ္ဍ၊ ဆောင်းပါးကဏ္ဍ၊ ရဟန်းစာဆိုတို့၏ ဓမ္မပုံရိပ်စာစုများ၊ ဗောဓိအကြောင်းအရာ သုတအဖြာဖြာ၊ အရှင်အဘာယာလင်္ကာရ၏ ဩဝါဒမှတ်စုများ ဖော်ပြပါရှိသည်။

စာအုပ်စီစဉ်ထုတ်ဝေသူ ဆရာသားအောင်မြင့်(ဖားကန့်)သည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဂန္ဓမာကျေးရွာရှိ မဟာဝိဟာရကျောင်းတိုက်(မန္တလေး) ဥပဋ္ဌာကအဖွဲ့၏ နာယကကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မဟာဝိဟာရကျောင်းတိုက်(မန္တလေး) နှစ်နှစ်ပြည့်နှင့် အသက်(၇၈)နှစ်ပြည့် မွေးနေ့အကြိုအဖြစ် အမှတ်တရကုသိုလ်ယူ ထုတ်ဝေသော စာအုပ်ဖြစ်သည့်အပြင် ကဆုန်လပြည့်နေ့ ဗောဓိပင်ညောင်ရေသွန်းလောင်း ပူဇော်သည့် အကြောင်းကို ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရမည့် စာအုပ်ဖြစ်သည်။

## ဖော်ညွှန်းသီ

စာအုပ်အမည် - လူကလေးဖတ်ဖို့ ပုံပြင်
စာရေးသူ - နေမျိုး
ထုတ်ဝေသည့်စာပေတိုက် - စာရိပ်မြိုင်စာပေ
တန်ဖိုး - ၄၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ပန်းချီ နေမျိုး
ထုတ်ဝေသည့်ကာလ - ၂၀၂၅၊ ဧပြီလ

'လူကလေးဖတ်ဖို့ ပုံပြင်' ခေါင်းစဉ်ဖြင့် ပုဒ်ရေ (၅၀) ကို စုစည်းထားသည့် စကားပြေကဗျာများ ဖြစ်သည်။ ဆရာ နေမျိုးသည် 'မိုးဘိုင်စကုပ်'အက်ဆေးစာအုပ်ဖြင့် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့ပြီး ယခုစာအုပ်မှာ ယခင်ရေးဟန်(မော်ဒန်)များမှ သီးခြားခွဲထွက်ကာ ရေးသားထားသည့် ကလေးစာပေ အရေးအသားသစ်ဟု ဆိုရပေမည်။

'လူကလေးဖတ်ဖို့ ပုံပြင်' ဆိုတဲ့ ခေါင်းစဉ်နဲ့ စာမူတစ်ခုကို ၂၀၁၄ ခုနှစ်လောက်က မဂ္ဂဇင်းတစ်စောင်မှာ ရေးဖြစ်တယ်။ အဲ့ဒီနောက် တစ်နှစ်ခွဲလောက်အကြာမှာ လူကလေးဖတ်ဖို့ ပုံပြင် ဆိုတဲ့ ခေါင်းစဉ်နဲ့ပဲ ဆက်ပြီး ရေးဖြစ်ပါတယ်။ ညင်သာတဲ့ စကားပြေအဖွဲ့အနွဲ့ပါပဲ။ တချို့စာမူကလေးတွေက ကဗျာအဖြစ် ရောက်ရှိသွားတယ်လို့ ဆိုကောင်းဆိုနိုင်လိမ့်မယ်။ တချို့စာမူကလေးတွေကတော့ ကဗျာအငွေ့အသက်ကလေး ယှက်သန်းနေတဲ့ ညင်သာသော စကားပြေတွေပါပဲ။ ဒီစာမူတွေ ရေးနေစဉ်က မိမိရေးတဲ့စာကို မိမိ သားငယ်၊ သမီးငယ်တို့ ဖတ်ရှုဖြစ်ရင် ဘယ်လိုနေကြမလဲဆိုတာ တွေးတောကြည့်ပြီးတဲ့အချိန် ဖြစ်ပါတယ်။

(နေမျိုးအမှာစာမှ)

သား၊ သမီး၊ ကလေးငယ်ရှိသော မိဘတိုင်း လက်စွဲဖတ်ရှုသင့်သောစာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။




## ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဌာနဆိုင်ရာရုံးများသို့ စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းပေး

**နတ်မောက် မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်လမ်းဦးစီးဌာနသို့ သွားရောက်ငှားရမ်းပေးခဲ့သည်။




'စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုကောင်းမွန်လာစေရန်၊ စာဖတ်ရှိန် ပိုမိုမြင့်မားလာစေရန်၊ စာအုပ်၊ စာစောင်များနှင့် ရင်းနှီးကျွမ်းဝင်လာသည့်အပြင် စာပေများမှ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် အလုပ်တာဝန်များ မအားလပ်၍ စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအတွက် သွားရောက်ငှားရမ်းပေးခြင်းဖြစ်သည်'ကြောင်း မြို့နယ်ပြန်/ဆက် ဦးစီးအရာရှိက ပြောသည်။

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်များသို့ နှစ်ပတ်လျှင် တစ်ကြိမ် စာအုပ်၊ စာစောင်များ လဲလှယ်၍ အခမဲ့ ငှားရမ်းပေးလျက်ရှိပြီး ကျောင်းဖွင့်ရာသီများတွင် မြို့ပေါ်ရှိ အခြေခံပညာရေးကျောင်းများသို့လည်း သွားရောက် ငှားရမ်းပေးမည် ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၅)




## ရာဇကုမာရ်ရဲ့ နှလုံးသား

* မြေးတော်နန်းအပ် ချန်လုပ်သားလု
နန်းမရလည်း ခမည်းတော်ကို
ကြည်ညိုမပျက် စိတ်မကွက်ပါ
ရာဇကုမာရ် ပိုင်ဆိုင်တာရောင်း
ရွှေသွန်းလောင်းလှူ တစ်ဆူဆင်းတု
သွန်းထုပူဇော် ဖခမည်းတော်အတွက်
ထွက်သက်အမီ လက်အုပ်ချီမ
ရေစက်ချကာ သားလုဝန်တာ
ကျေးရွာနင်းအပ် မင်းမြတ်ကျန်စစ်
ဇမ္ဗူရစ်ရွှေဘုရား နှလုံးသားမှာ
ကြည်ညိုစွာဖူး ကြည်နူးစွာ သာဓုခေါ်
ကံတော်ကုန် ဘဝကူး ဖခမည်းတော် ကျေးဇူး
အထူးပေးဆပ် ထူးမြတ်သဒ္ဓါ
ရာဇကုမာရ်ရဲ့ ကျေးဇူးဆပ်ခန်း
အံ့မခန်းတည်း ကြက်သီးထမျှ
ကြည်နူးအထွတ် ဆွတ်ပျံ့မွှေးမြ
ဦးညွှတ်ရပြီ မော်ကွန်းတည်မြဲ သမိုင်းထဲဝယ် ။

* ပုဂံရောက်တိုင်း ရင်ဝယ် လှိုင်းထ
ဦးခိုက်ရသည့် ရာဇကုမာရ်ရဲ့ မြစေတီကျောက်စာ
ပျူ မွန် မြန်မာ ပါဠိဘာသာ
ကမ္ဘည်းအက္ခရာ လေးဘာသာရေးထိုး
ကြာမုံ မိုး ပူဇော် ကမ္ဘာကျော်ကြား
နှလုံးသားလှပ ရာဇကုမာရ်ရဲ့
သမိုင်းတွင်ရစ် ကမ္ဘာ့အမွေအနှစ်ဖြစ်ခဲ့ ။

* ကြည်နူးညွှတ်ပြောင်း သမိုင်းကြောင်းသိပ်လှ
ရာဇကုမာရ်ရဲ့ နှလုံးသား
လှပ်ရှားရင်ခုန် ဤလူ့ဘုံထဲ
ခိုင်ခံ့မြဲစွာ လိုက်လှဲကိန်းခ
အသည်းဖလင်မှာ လမင်းသာနေ
သူငါ ရင်တွင်း ကြည်နူးရင်း ・・・
သူငါ ရင်တွင်း အေးမြခြင်း ။ ။

ခင်ဆွေလှိုင်(ပန်းချီ)



## ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာ၌ မေ ၁၂ရက် နံနက် ၉နာရီတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နယ်မြေစိုးမိုးရေးစစ်ကြောင်းကြီး (၅)ကြောင်းတွင်ပါဝင်သည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူထွေညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သိကောင်းစရာများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေးစသည့် ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက တက်ရောက်လာသည့် ဝမ်ဘိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဝမ်ပုံကျေးရွာ၊ ဝမ်ယမ်းမကျေးရွာ၊ ဝမ်ယမ်းလဲကျေးရွာများမှ ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**နန်းစီဖောင်း(ပြန်/ဆက်)**

## စိတ္တသုခဝိဟာရကျောင်းဆောင်သစ်နှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**မိုင်းကိုင် မေ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်ရှိ မဇ္ဈိမာရာမ ပရိယတ္တိစာသင်တိုက်၏ စိတ္တသုခဝိဟာရ ကျောင်းဆောင်သစ်နှင့် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက်၊ ကဆုန်လပြည့်နေ့ နံနက်ပိုင်းက အဆိုပါပရိယတ္တိစာသင်တိုက်၏ ကျောင်းအဝင်မုခ်ဦးရှေ့၌ ကျင်းပရာ မဇ္ဈိမာရာမ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရနှင့် ရပ်နီးရပ်ဝေးမှ ဆရာတော်၊ သံဃာတော်များ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်လုပ်သားပြည်သူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မိုင်းကိုင်မြို့နယ်၊ ဝမ်ကောင်းကျောင်း ဆရာတော် ဘဒ္ဒန္တစာရိန္ဒနှင့် လားရှိုးမြို့၊ ရွှေပြည်အေးရိပ်သာ ကျောင်းဆရာတော် ဘဒ္ဒန္တခမာဝုဒ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးတို့က ကျောင်းဆောင်သစ်နှင့် ကွန်ကရစ်လမ်းသစ်တို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များက မဇ္ဈိမာရာမပရိယတ္တိစာသင်တိုက်၏ ကမ္ဗည်းမော်ကွန်းကျောက်စာ၊ စိတ္တသုခဝိဟာရ ကျောင်းဆောင်သစ်၏ ကမ္ဗည်းမော်ကွန်းကျောက်စာများကို အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းခြင်းများ ဆောင်ရွက်ပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်ငွေလှူဒါန်း

**မန္တလေး မေ ၁၄**

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အင်းဘဲရပ်ရှိ အဓိဋ္ဌာန်အောင် ရွှေအံတော်ဘုရားပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဂေါပကအဖွဲ့က ရှေးမူမပျက် ပြန်လည်ပြုပြင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အဓိဋ္ဌာန်အောင်ရွှေအံတော်ဘုရား ဘက်စုံပြန်လည်ပြုပြင်ရေးအတွက် မေ ၁၂ရက်က အလှူငွေများ လာရောက်လှူဒါန်းကြရာ ဒေါက်တာစိုးနိုင်ထွန်း+ဒေါက်တာစုမွန်လှိုင် မိသားစုကငွေကျပ် ငါးသိန်း၊ ဦးရန်အောင်ခိုင်မင်း+ဒေါ်ကြေးမုံဝင်း (အောင်ခိုင်မင်းမိုဘိုင်းဖုန်းဆိုင်)က ငွေကျပ် ငါးသိန်း၊ ဦးတင်နိုင်စိုး+ဒေါ်ဝေဝေ (မျိုးထွန်းကဖေး)က ငွေကျပ် ငါးသိန်း၊ ဦးစိုးညွန့်+ဒေါ်ကြင်နု (အောင်ဇီးကွက်ကဖေး)က ငွေကျပ် ငါးသိန်း၊ ဒေါ်ဥမ္မာ(တိုးကြီး ထမင်းဆိုင်)က ငွေကျပ် နှစ်သိန်း၊ အလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး+ဒေါ်ဇာလီဋ္ဌေး မိသားစုက ငွေကျပ် တစ်သိန်းတို့ကို လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်က လက်ခံရယူပြီး အဖွဲ့ဝင် ဦးမောင်မောင်လွင်ထိုက်က ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**



## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၁၄**

နိုင်ငံတော်သံဃနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ B.A)က ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးစောဝင်းနွယ်+ဒေါ်ရူပါမောင်၊ သမီး မအင်ကြင်းမောင်၊ မငွေဇင်စံ၊ မအိကုံကော်မြင့် မိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၂၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ်သိန်း၂၀၊ စုစုပေါင်းငွေကျပ် သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။ **(ဝဲပုံ)**



အဆိုပါအလှူရှင် မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ နဝကမ္မအလှူငွေများကို တစ်ပါးချင်းစီ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**PNT**

## သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် မေ ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၂)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၂ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို ယမန်နေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက် ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊ စေတနာရှင်များ စုပေါင်း၍ လစဉ်လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူလျက်ရှိရာ (၉၂)ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ၊ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ လောင်းလှူကြပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



# သုခမ္မာဇရပ်ရိပ်က အတိတ်မြင်အလွှမ်း(၅)



အဘိုးတို့၏ သုခမ္မာဇရပ်ရိပ်က အတိတ်မြင်အလွှမ်းသည် အလွှမ်းရှည်ကြီးဖြစ်၏။ သို့သော် ငိုချင်းရှည်ကားမဟုတ်၊ အတိတ်ကိုထုတ်ပြ၍ ပစ္စုပ္ပန်ကို မြင်စေ၏။ အနာဂတ်ကို လင်းစေ၏။ အလွှမ်းမှသည် အလင်းဆီသို့ ဟူ၍ပင် ဆိုလိုက်ချင်၏။ တစ်နည်းဆိုရသော် အဘိုးတို့၏အတိတ်မြင်အလွှမ်းသည် ပစ္စုပ္ပန်နှင့် အနာဂတ်အတွက်ဖြစ်သည်ဟု ဆိုချင်၏။ အဘိုးတို့စကား မှတ်သားနာယူလိုက်နာသူမှန်သမျှ မုချအကျိုးရဟူ၍ ဆိုချင်ပါ၏။ အလွှမ်း၏နိဂုံး အလွှမ်းဆုံးစကား မှတ်သားစေချင်၏။

'ကိုင်း…ကိုကြီးဖိုးမှိုင်းရေ။ သူငယ်ပြန်နေတဲ့ ဒီအဘိုးကြီးတွေရဲ့ အလွှမ်းကလည်း ရှည်ရှည်နိုင်လွန်းတယ်လို့ ပြောကုန်ကြရော့မယ်။ ဒီအလွှမ်း ဒီစခန်းမှာပဲ ရပ်ကြရင် ကောင်းမယ်ထင်တယ်။'

'ရပ်တော့လည်း ရပ်တာပေါ့ ကိုကြီးချမ်းအေးရာ။ ဇာတ်ဆုံးအောင်တော့ လွှမ်းလိုက်ချင်သေးတယ်ဗျာ။'

'ကဲ…လွှမ်းလိုက်စမ်းပါ ကိုကြီးချမ်းအေးရာ။'

'ဟောဒီ ထီးပေါင်းကားအရပ်ကို နှစ်ပိုင်းခွဲပြီး နှစ်မြို့လုပ်ခဲ့တယ်လို့ ဆိုရမှာပဲ။ တောင်ပိုင်းကမြို့ကိုတော့ အမရပူရမြို့တဲ့။ မြောက်ပိုင်းကမြို့ကိုတော့ မန္တလေးမြို့လို့ ပန်းပဲမင်းကြီး ဦးမှိုက နာမည်ပေးခဲ့တယ်။ အခုတော့ ထီးပေါင်းကား ဒေသမှာပဲ မြစ်ငယ်မြို့၊ ပုသိမ်ကြီးမြို့၊ မတ္တရာမြို့ ဆိုတာတွေနဲ့ ပေါင်းလိုက်ရင် မြို့ပေါင်း ငါးမြို့ရှိနေတာကို တွေ့ရမယ်ဗျ'။

'ဒီ ငါးမြို့ထဲမှာ မန္တလေးမြို့ကို ဦးဆောင်မြို့လို့ပြောရင် ရမယ်ထင်တယ် ကိုကြီးကြောင်ရဲ့။'

'အင်း… မန္တလေးမှာက အခုချိန်ထိ ထီးနဲ့နန်းနဲ့တွေ့နေရတာကို ဗျ။ ဒီနန်းတော်ကြီးကို ဦးဆောင်ဆောက်လုပ်ခဲ့တဲ့ ပန်းပဲမင်းကြီးဦးမှိုရဲ့ အနာဂတ်အမြင်ကောင်းလို့ ဆိုရမှာပေါ့လေ။ ဒီနန်းတော်ကြီးရဲ့ သက်တမ်းဟာ ဒီနေ့ဆိုရင် နှစ်ပေါင်း(၁၆၅)နှစ်ရှိသွားပြီနော်။ လွန်ခဲ့သော နှစ်ပေါင်း(၁၆၅)နှစ်ကို ပြန်ကြည့်လိုက်စမ်းပါ။ စက်ယန္တရားဆိုလို့ ဘာမှမယ်မယ်ရရ မရှိသေးဘူးနော်။ လူရဲ့အားကိုပဲ အရင်းတည်ပြီး ဆောက်လုပ်ခဲ့ရတဲ့ ဒီနန်းတော်ကြီးပဲဆိုတာ ပြောစရာတောင် လိုမယ်မထင်ဘူး။'

ရှမ်းတောင်တန်းကြီးကို အခြေပြုပြီး မန္တလေးမြို့လယ်ခေါင်ထိ စီးဆင်းနေတဲ့ 'ရွှေတချောင်း'ချောင်းကြီးပေါ့။ ချောင်းမကြီး(ခေါ်) မတ္တရာမြစ်ကခွဲပြီး ရှမ်းတောင်တန်းမြေက ဗိသုကာ ပင်းယက လူတွေဟာ အဲ့ဒီ'ရွှေတချောင်း' ချောင်းအတိုင်း မန္တလေးမြို့အရောက် လှေတွေနဲ့ ရောင်းဝယ်ဖောက်ကား သွားလာနေကြတယ်။ အခုခေတ်အခေါ် (၃၅)လမ်းရဲ့မြောက်ဘက် ဦးကောင်းတောင်၊ ရှင်ပင်ပက်လက် ရေစက်လက်ဘုရားရဲ့ အနောက်ဘက်'ရွှေတချောင်း' ချောင်းထဲမှာ လှေတွေပြထားကြပြီး ဈေးရောင်း၊ ဈေးဝယ်တွေ လုပ်ကြတယ်။'

'နေပါဦး ကိုကြီးစိန်ခိုရဲ့။ အဲ့ဒီနန်းတော်ကြီးရဲ့ လေးဘက်လေးတန်မှာ ရေတွေဝိုင်းနေတာက နန်းတော်ကြီး မဆောက်ခင်ကတည်းက ရှိနေတာလားဗျ။'

'ဘယ်ဟုတ်မလဲ ကိုကြီးတုတ်ပေါရယ်။ ပန်းပဲမင်းကြီးဦးမှို ရဲ့ ဉာဏ်ရည်၊ ဉာဏ်သွေးကြောင့် ပေါ်ထွက်လာတဲ့ ရေတွေပေါ့ ဗျ။ အခု ရေတွေရှိနေတဲ့ နေရာက မြေတွေကို တူးယူပြီး အုတ်တွေဖုတ်တယ်။ ဖုတ်လို့ရတဲ့အုတ်တွေကို နန်းမြို့ရိုးကြီး လုပ်တယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ ဒါမျိုးကိုပြောတာပေါ့ဗျ။'

'ကျုံးရေတွေက အခုချိန်ထိ မခန်းဘူးနော်။ အဲ့ဒါ ပန်းပဲမင်းကြီးဦးမှိုက ဘယ်လိုလုပ်ခဲ့လို့လဲ ကိုကြီးစိန်တေရဲ့။'

'ဒါလည်း အံ့သြစရာ တစ်ခုပဲပေါ့ဗျာ။ ဟို… အရှေ့ဘက်က ညို့မှိုင်းနေတဲ့ ရှမ်းရိုးမတောင်တန်းကြီးဆီက စီးဆင်းလာတဲ့ ရေတွေကို ဟောဒီကျုံးပတ်ပတ်လည်ရောက်သွားအောင် ရေလာမြောင်းပေးလုပ်ခဲ့တဲ့ ပန်းပဲမင်းကြီးဦးမှိုရဲ့ အနာဂတ်လွှမ်းချင်းကြီးတစ်ပုဒ်ပဲပေါ့ဗျာ။'ကိုကြီးစိန်ချုပ် ပြောမှပဲ သတိထားစရာလေးတွေ ပေါ်လာတယ်ဗျာ။'

'ဘာများလဲ ကိုကြီးပိန်ရဲ့။'

'အင်း… အမှန်တိုင်းပြောရရင်တော့ အစွန်းမလွတ်တာကလေးတွေ ပေါ်လာနိုင်တယ်။ ရှမ်းရိုးမတောင်တန်းကြီးဆီက စီးဆင်းလာတဲ့ ရေကြည်ရေအေးကို ကျုံးပတ်ပတ်လည်ရောက်အောင် ဖောက်လုပ်ပေးခဲ့တဲ့ ပန်းပဲမင်းကြီးဦးမှိုရဲ့ စေတနာကိုတော့ တုလို့နှိုင်းလို့ရမယ်မထင်ပါဘူးဗျာ'ရေမြောင်း ဝဲ၊ ယာ မေးတင်ပြီး ဟိုဟာ၊ ဒီဟာတွေ ဆောက်လုပ်နေကြတာတွေကို တွေ့မြင်ရတော့လည်း တစ်မျိုးတော့ ခံစားမိတယ်ဗျာ။ နောက်တစ်ခုရှိသေးတယ်။ ရှမ်းတောင်တန်းကြီးကို အခြေပြုပြီး မန္တလေးမြို့လယ်ခေါင်ထိ စီးဆင်းနေတဲ့ 'ရွှေတချောင်း'ချောင်းကြီးပေါ့။ ချောင်းမကြီး(ခေါ်) မတ္တရာမြစ်ကခွဲပြီး ရှမ်းတောင်တန်းမြေက ဗိသုကာ ပင်းယက လူတွေဟာ အဲ့ဒီ'ရွှေတချောင်း'ချောင်းအတိုင်း မန္တလေးမြို့အရောက် လှေတွေနဲ့ ရောင်းဝယ်ဖောက်ကား သွားလာနေကြတယ်။ အခုခေတ်အခေါ် (၃၅)လမ်းရဲ့မြောက်ဘက် ဦးကောင်းတောင်၊ ရှင်ပင်ပက်လက် ရေစက်လက်ဘုရားရဲ့ အနောက်ဘက် 'ရွှေတချောင်း'ချောင်းထဲမှာ လှေတွေပြထားကြပြီး ဈေးရောင်း၊ ဈေးဝယ်တွေ လုပ်ကြတယ်။'

'ဒါဆိုရင် 'ရွှေတချောင်း'ချောင်းကြီးဟာ တကယ်သာယာတဲ့ ချောင်းကြီးဖြစ်မှာပေါ့ ကိုကြီးကြာခိုင်ရာ။'

'အင်း… အခုတော့လည်း 'ရွှေတချောင်း'ဆိုတဲ့ ချောင်းကြီးဟာ မသာယာတဲ့အပြင် လူတွေရဲ့ မကောင်းဆိုးဝါးတွေ စွန့်ပစ်ရာချောင်းလို့တောင် ပြောရမလို ဖြစ်နေပြီ။ တချို့နေရာတွေမှာ 'ရွှေတချောင်း' ချောင်းပေါ်ခွပြီး ဇရာမတိုက်ကြီးတွေ ဆောက်လုပ်ထားတာတွေကိုတောင် တွေ့နေရပြီ။ ဒီလို ဆောက်လုပ်နေကြတာတွေဟာ 'ရွှေတချောင်း' ချောင်းကို ဖျက်ဆီးနေကြတာတွေပဲ မဟုတ်လား။'

'နေပါဦး ကိုကြီးချမ်းအေးရဲ့။ ပန်းပဲမင်းကြီးဦးမှိုရဲ့ နန်းမြို့တော်ကြီးဟာ နှစ်ပေါင်း(၁၆၅)နှစ်ရှိပြီဆိုတော့ ကမ္ဘာပေါ်မှာရှိတဲ့ နန်းတော်တွေထဲမှာ သက်တမ်းရင့်တဲ့ နန်းတော်ကြီးတစ်ခုလို့ မဆိုနိုင်ဘူးလားဗျာ။'

'ဆိုနိုင်ပါ့ဗျာ။ ဒီနန်းတော်ကြီးရဲ့ ကျုံးအပြင်၊ ကျုံးအတွင်းတွေမှာ သန့်ရှင်းရေးတွေလုပ် လူတွေသဘောကျမယ့် ပြယုဂ်တွေ၊ ပြတိုက်တွေ၊ မြင်ကွင်းတွေ လုပ်ထားပြီး လေးဘက်လေးတန်းက ရောက်လာသူတွေကို ဝင်ခွင့်တောင်းလိုက်မယ်ဆိုရင် ကမ္ဘာပေါ်မှာ ဝင်ငွေအကောင်းဆုံးနန်းတော်ကြီးတစ်ခုဖြစ်လာမှာ အမှန်ပဲဗျာ။'

'ဒါဆိုရင် လက်ရှိနန်းတော်ထဲမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ နေထိုင်နေကြတဲ့ လူတွေအတွက်ကော ဘယ်လိုစဉ်းစားမလဲ ကိုရင်ကြွက်ချီး။'

'နိုင်ငံ့တာဝန်ထမ်းနေတဲ့လူတွေရော၊ နေထိုင်ကြတဲ့လူတွေအတွက်ရော၊ တခြားလူတွေအတွက်ရော ကမ္ဘာ့နိုင်ငံအသီးသီးက မန္တလေးရောက်လာတဲ့ လူတွေအတွက်ရော အံ့သြသွားရမယ့် နေရာတစ်ခု စီစဉ်မှာပေါ့ဗျာ။'

'ဘယ်လိုများ စီစဉ်မှာလဲ ကိုကြီးစိန်မြရာ။'

'ဒီလိုလေ ကိုကြီးရွှေရရဲ့။'

'ဟောဒီ ထီးပေါင်းကားလို့ အမည်ရခဲ့တဲ့ အရပ်ရဲ့အရှေ့ဘက်လှမ်းကြည့်လိုက်စမ်းဗျာ။ တောင်မြောက်သွယ်တန်းနေတဲ့၊ မိုးထိအောင် မြင့်မားလှတဲ့ ညို့မှိုင်းဆိုင်းပြီး လူတို့ရဲ့နှလုံးသားကို ရစ်သိုင်းဆွဲယူနိုင်တဲ့ ရှမ်းတောင်တန်းကြီးကို မြင်တယ်မဟုတ်လား'။

'မြင်ပါ့ ကိုကြီးစိန်မြရာ။'

'အဲ့ဒီ ရှမ်းတောင်တန်းကြီးတွေအောက်မှာ လိုဏ်ဂူကြီးတွေတူးမယ်ဗျာ သူ့အကန့်တွေနဲ့ သူထားမယ်။ မန္တလေးမြို့ထက်ကျယ်တဲ့ မြို့ကြီး တစ်မြို့၊ နှစ်မြို့၊ သုံးလေးငါးမြို့ဖြစ်အောင် ဖန်တီးမယ်ဗျာ။ ဧရာဝတီမြစ်ရေကိုလည်း မြောက်ဘက်နယ်နိမိတ်ကနေပြီး အဲ့ဒီ မြေအောက်မြို့တွေထဲ အစီးခိုင်းမယ်၊ ပြီးတော့တောင်ဘက်နယ်နိမိတ်အဆုံးဖြစ်တဲ့ ဒုဋ္ဌဝတီမြစ်ကနေပြီး ဧရာဝတီမြစ်ထဲပြန်ပြီး အဝင်ခိုင်းမယ်ဗျာ။ အဲ့ဒီမြေအောက် ဧရာဝတီမြစ်ကြီးထဲမှာ သင်္ဘောကြီးတွေ ခုတ်မောင်းနိုင်အောင်လုပ်မယ်။ မော်တော်တွေ၊ လှေတွေဆိုတာကတော့… ပြောမယုံနိုင်အောင်ကို စုန်ဆန်ကူးသန်းနေကြမှာပေါ့ဗျာ။ အဲ့ဒီရှမ်းရိုးမတောင်တန်း အောက်ကမြို့ကြီးတွေထဲမှာ ကမ္ဘာ့အဆင့်မီလေယာဉ်ကြီးတွေ ဝင်၊ ထွက်သွားလာနိုင်အောင် လေယာဉ်ကွင်းကြီးတွေလည်း ပါရမှာပေါ့ဗျာ။'

'ကိုကြီးကြောင် ပြောမှပဲ အားတက်စရာမြင်ကွင်းတွေပေါ်လာတော့တယ်။ လကမ္ဘာတို့၊ အင်္ဂါဂြိုဟ်တို့ဆီကို ရောက်အောင်သွားနေတဲ့ ဒီခေတ်ကြီးမှာ အခုကိုကြီးကြောင်ပြောတဲ့ ရှမ်းရိုးမတောင်တန်းအောက်က မြေအောက်မြို့တွေတည်ဆောက်ဖို့ဆိုတာ၊ အသေးအဖွဲ့လို့ ပြောရမလို ဖြစ်နေပြီ။ သေးငယ်တဲ့ ခြကောင်လေးတွေကတောင် ဇရာမတောင်ဘို့ကြီးတွေဖြစ်အောင် လုပ်ထားတာတွေကို မြင်ဖူးကြတယ်မဟုတ်လား။ ပြီးတော့ သစ်ပင်တွေပေါ်မှာ တွဲလောင်းဆွဲထားတဲ့ စာဘူးတောင်းရဲ့ အသိုက်တွေကိုလည်း မြင်ဖူးကြတယ် မဟုတ်လား။ ဒီစာဘူးတောင်း ငှက်ကလေးတွေဟာ ငယ်ပေမယ့် လေလုံ၊ မိုးလုံနိုင်မာတဲ့ အသိုက်တွေဆောက်တတ်ကြတယ်လေ။ ဒါတွေကိုကြည့်ပြီး အတုယူတည်ဆောက်ကြမယ်ဆိုရင် ရှမ်းရိုးမတောင်တန်းအောက်က မြို့တော်ကြီးတွေထဲမှာ လူသားတွေဟာ ဘေးမသီ ရန်မခ နေနိုင်ကြမှာ အမှန်ပဲပေါ့။'

အဘိုးတို့၏ အတိတ်မြင်အလွှမ်းသည် အနာဂတ်သို့မျှော်မှန်းရင်း ရပ်သွားပြီဖြစ်၏။ အဘိုးတို့၏ စေတနာများသည် နှီးဆော်နေကြ၏။ သက်ရှိလူသားတို့ကလည်း စိတ်က ကြံကြရန်လို၏။ သို့ဆိုလျှင် လေတို့သည် ပြည့်လာကြမည်ဖြစ်၏။ အဆုံးသော်ရပ်က လုပ်ကြတော့မည် ဖြစ်၏။

မောင်လောက

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Enola Holmes 2 တွင် ရှားလော့စ်ဟုမ်းစ်အကြောင်း တင်ပြထား



စူပါမန်းမင်းသား ဟယ်ရီကာဗီက ရှားလော့စ်ဟုမ်းစ်အဖြစ် သရုပ်ဆောင်ထားသည့် Enola Holmes တွင် မင်းသမီး မိုင်လေဘောဘီဘရောင်းက အဓိက ပါဝင်ထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားအမည် Enola ကို ပြောင်းပြန်လုပ်လျှင် Alone တစ်ဦးတည်းဟု အဓိပ္ပာယ်ရကာ မိန်းမငယ်လေးတစ်ဦး ဖခင်ကွယ်လွန်ပြီး အစ်ကိုနှစ်ဦး အိမ်မှထွက်ခွာ၍ မိခင်နှင့်နေထိုင်ရင်း (၁၆)နှစ်အရွယ်တွင် မိခင်ရုတ်တရက်ထွက်ခွာသွား၍ တစ်ဦးတည်း ကျန်ရစ်ခဲ့ရသည်။

မိခင်ပျောက်ဆုံးပြီး အစ်ကိုနှစ်ဦးပြန်လာကာ ဘော်ဒါပို့ရန် စီစဉ်သော်လည်း မိခင်ချန်ထားခဲ့သည့် သဲလွန်စနှင့် မိန်းကလေး လန်ဒန်မြို့ကို ထွက်ပြေးခဲ့၍ အစ်ကိုနှစ်ဦး မိုက်ခရော့ဟုမ်းနှင့် ရှားလော့စ်ဟုမ်းစ်တို့ မိခင်နှင့်ညီမရှာပုံတော်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် အပိုင်း(၁)နှင့် ၂၀၂၂ ခုနှစ်တွင် အပိုင်း(၂)ထွက် ရှိထားသည်။ (SKY)

## Lee Kwang Soo ကို သရုပ်ဆောင်အဖြစ် The Accidental Detective 2 ဟာသဇာတ်ရုပ်နှင့် မြင်တွေ့ရ



သစ်ကုလားအုပ်(ခေါ်)အာရှမင်းသား လီကွမ်ဆူသည် Running Man ရသစုံ အစီအစဉ်နှင့် ပရိသတ်ကို ဟာသရသ ပေးခဲ့ရာမှ သရုပ်ဆောင်အဖြစ် The Accidental Detective 2 ဟာသဇာတ်ရုပ်နှင့် မြင်တွေ့ရ၍ ပရိသတ်အားပေးထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီကွမ်ဆူသည် Running Man မှ ထွက်ခွာခဲ့ပြီး အနုပညာလောကသို့ သရုပ်ဆောင်အဖြစ် ဝင်ရောက်ခဲ့ရာ သူပါဝင်ထားသည့် ဇာတ်ကားတိုင်း ဟာသရသကို ပေးစွမ်းနိုင်ခဲ့သည်ကို အပိုင်း(၁) အပြီး အပိုင်း(၂)တွင် တွေ့ရသည်။

လီကွမ်ဆူပါဝင်ထားသည့် အခန်းတိုင်းမှာ အဓိကဇာတ်ကောင်မဟုတ်သော်လည်း အလွဲလွဲအချော်ချော်နှင့် ဟာသရသကို ပေးစွမ်းနိုင်ခဲ့ရာ စုံထောက်ဟက်ကာရှူးတစ်ဦးက အကူအညီတောင်း၍ အပျော်တမ်းစုံထောက်နှစ်ဦးအမှုကို ကူပေးရာမှ အမှုထဲ ပါဝင်ခဲ့ရပုံကို The Accidental Detective 2 တွင် မြင်ရပြီး လူကြိုက်များခဲ့သည်။ (SKY)

## The Weeknd ၏ Hurry Up Tomorrow ကို အဓိပ္ပာယ် ဖွင့်ဆိုထားကြ



ဟောလိဝုဒ်အနုပညာရှင် သည်ဝိကင်း၏ Hurry Up Tomorrow နှင့်ပတ်သက်၍ ပရိသတ်များက အဓိပ္ပာယ် အမျိုးမျိုးဖွင့်ဆိုထားကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သည်ဝိကင်းသည် After Hour အယ်လ်ဘမ်တွင် ကျော်ဇောမှုနှင့် ငွေရှိမှု၏ နောက်ဆက်တွဲဂုဏ်ရှိန်မောက်မာမှုများက သူ့ကို အထီးကျန်စေကြောင်း၊ အောင်မြင်ကျော်ကြားမှု၏ အစွန်းတစ်ဖက်မှ ပြိုကွဲပျက်စီးမှုများကို စပ်ဆိုထားပြီး Dawn FM တွင် သူ၏မကောင်းသော စိတ်အခြေအနေနှင့် အကျင့်စရိုက်များကို တဖြည်းဖြည်းချင်း ရှင်းထုတ်ရန် ကြိုးစားပုံတို့ကို စပ်ဆိုထားသည်။

အဆိုပါအခွေနှစ်ခုအပြီး ထွက်ရှိလာသည့် Hurry Up Tomorrow အခွေတွင် ပရိသတ်များက After Hour ငရဲဆိုး Dawn FM မှာ လွတ်မြောက်သန့်စင်ခြင်း ဖြစ်ပြီး Hurry Up Tomorrow တွင် အသစ်တစ်ဖန်မွေးဖွားရာ ကောင်းကင်ဘုံဆိုသည့် သဘောထားအပေါ် အခြေခံထားသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။ (SKY)

## Seo Ye Ji က ဖိအားများစွာနှင့် ဝေဖန်မှုကြား ရှင်သန်နေရ

ကိုရီးယားအနုပညာရှင် ဆိုရီဂျီသည် ချောမောလှပထက်မြက်သော အနုပညာရှင်ဖြစ်သော်လည်း ဖိအားများစွာနှင့် လူထုဝေဖန်မှုကြား ရှင်သန်နေရ၍ ရင်ဖွင့်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုရီဂျီသည် ၂၀၂၁ ခုနှစ်တွင် ချစ်သူဟောင်း ကင်ဂျောင်ဟွမ်၏ အပြောကြောင့် လူမုန်းများခဲ့ပြီး ကျောင်းတွင်းအကြမ်းဖက်မှု၊ ပညာရေးဘွဲ့လိမ်လည်မှု၊ ဝန်ထမ်းများအပေါ် မချေမငံဆက်ဆံမှုနှင့် Gold Medalist လက်အောက်တွင် ခံခဲ့ရ၍ စိတ်ဖိစီးမှုဖြစ်ခဲ့ရာမှ လက်ရှိအချိန်ထိ ဆိုးရွားစွာ ဝေဖန်ခံနေရဆဲဖြစ်သည်။

ရသစုံရှိုးတစ်ခုတွင် ဆိုရီဂျီက ရင်ဖွင့်စကားပြောကြားထားပြီး SNL Rorea တွင်လည်း ဟာသနှောပြောပြထားသည်။ (SKY)





## အကျိုးပြုဘက်တီးရီးယားဆေး သောက်သုံးလျှင် မကောင်းသော စိတ်ခံစားမှုများကို လျှော့ချနိုင်ဖွယ်ရှိ

အမေရိကန်သုတေသီများဖြစ်သော ကာထရီနာဂျုန်ဆင်နှင့် လော်ရာစတိုင်းဘာဂျင်တို့နှစ်ဦး၏သုတေသနမှ မကြာသေးမီက ထွက်ပေါ်လာသော ရလဒ်အရ အကျိုးပြုဘက်တီးရီးယားဆေး သောက်သုံးခြင်းသည် မကောင်းသော စိတ်ခံစားမှုများကို လျှော့ချရာတွင် အထောက်အကူဖြစ်စေနိုင်ကြောင်း တွေ့ရှိခဲ့သည်။

ထို့အပြင် မည်သူများသည် ထို "အကျိုးပြု"ဘက်တီးရီးယားများမှ အများဆုံး အထောက်အကူရနိုင်သည်ကိုလည်း လေ့လာခဲ့သည်။ အကျိုးပြုဘက်တီးရီးယားများကို ဆေးလုံး၊ အရည် စသည့် ဖြည့်စွက်စာများအဖြစ် ရရှိနိုင်ပြီး ဒိန်ချဉ်၊ ဒိန်ခဲ၊ မုန်လာချဉ်၊ မုန်ညင်းချဉ်ကဲ့သို့သော အစားအစာများတွင်လည်း တွေ့နိုင်သည်။

၄င်းတို့သည် အစာခြေစနစ်အတွက် အထောက်အကူဖြစ်စေသည်ဟု လူသိများခဲ့ပြီး အဆိုပါသုတေသီနှစ်ဦး၏တွေ့ရှိချက်အရ စိတ်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်နိုင်ခြေရှိမည်ဖြစ်ကြောင်း သိရသည်။ SCI

## Winmetawin ထိုင်းရိုးရာဝတ်စုံဖက်ရှင်နှင့် ပွဲတက်လာ

ထိုင်းအနုပညာရှင် စီအီးအိုဝင်းမီတာဝင်းကို ထိုင်းအနုပညာပွဲတော်တစ်ခုတွင် ရိုးရာဝတ်စုံဖက်ရှင်နှင့် ပွဲတက်လာကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဝင်းမီတာဝင်းသည် ထိုင်းရိုးရာဝတ်စုံဖက်ရှင်ကို ဝတ်ဆင်ရ၍ စိတ်လှုပ်ရှားနေကာ အင်တာဗျူးတွင် သူ၏စီးပွားရေးလုပ်ငန်းများအကြောင်း ပြောကြားသွားခဲ့သည်။

ဝင်းမီတာဝင်းသည် ထိုင်းရုပ်သံချန်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုမှာ ထိုင်းဘတ်သန်းသုံးဆယ်ကျော်ရှိပြီး ငွေကိုင်ထားရသည်ထက် ရင်းနှီးမြှုပ်နှံရသည်ကို သဘောကျ၍ ဖခင်နှင့်တိုင်ပင်ကာ ချန်နယ်မျိုးစုံတွင် ရင်းနှီးထားခဲ့သည်ဟု ဆိုသည်။

ကိုယ်ပိုင်အဝတ်အစားဘရန်း၊ Souri မုန့်ဆိုင် ဆိုင်ခွဲ ၂၃ ခုအထိ ဖွင့်ထားပြီး ထိုင်းနိုင်ငံပြည်နယ် ၇၇ ခုတွင် ဖွင့်ရန် ရည်ရွယ်ထားပြီး အခြားစီးပွားရေးလုပ်ငန်းများပါ လုပ်ကိုင်ရန်ရှိသေးကြောင်း ထပ်မံပြောကြားခဲ့သည်။ (SKY)

## Jun Ji Hyun ၏ Colony ဇာတ်ကား ၂၀၂၆ ခုနှစ်တွင် ပြသရန်စီစဉ်ထား

ထိပ်တန်းအနုပညာရှင်စာရင်းဝင် ဂျောင်ဂျီဟွန်းနှင့် ထိပ်တန်းအနုပညာရှင်များစွာ ပါဝင်ထားသည့် Colony ဇာတ်ကားကို ၂၀၂၆ ခုနှစ်တွင် ပြသရန်စီစဉ်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားသည် Zombie ဇာတ်ကားတစ်မျိုးဖြစ်ပြီး ထိပ်တန်းအနုပညာရှင်များဖြစ်ကြသည့် ဂျောင်ဂျီဟွန်း၊ ဂျီချန်ဝုဒ်၊ ဂိုဆူ၊ ကူကိုဟွမ်၊ ရှင်ဟွမ်ဘင်း၊ ကင်ရှင်ရောတို့ ပါဝင်ထားကြသည်။

ဂျောင်ဂျီဟွန်းသည်သားသမီးနှစ်ဦးနှင့် မိခင်တာဝန်၊ ဇနီးတာဝန်ကျေပွန်စွာ ထမ်းဆောင်နေ၍ အနုပညာလုပ်ငန်းများနှင့် ဝေးကွာနေရာမှ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် Piaget Watches & Wonders 2025 Event သို့ တက်ရောက်၍ ပြန်ပေါ်လာခဲ့ကာ သူပါဝင်ထားသည့် Tempest Drama ကို စက်တင်ဘာလတွင် ထုတ်လွှင့်၍ Colony ဇာတ်ကားကို ၂၀၂၆ ခုနှစ်တွင် ပြသမည်ဟု ဆိုသည်။ (SKY)



## ရှင်ဆင်းလှစေတီတော်မြတ်ကြီး ပန္နက်တော်တင်မင်္ဂလာ ကျင်းပ



**သာစည် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာ ဘုရားကြီးပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ရှင်ဆင်းလှစေတီတော်မြတ်ကြီးမှာ မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ရာ ရဟန်းရှင်လူအများ ဖူးမြော်ကိုးကွယ်နိုင်ရန် မူလအတိုင်းပြန်လည်တည်ထားမည်ဖြစ်ရာ မေ ၁၁ ရက် နံနက် ၉ နာရီခွဲက ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့်ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ လှိုင်းတက်ကျေးရွာ အုပ်စု ညောင်ကုန်းကျေးရွာကျောင်းတိုက်မှ သက်တော်ရှည်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တော်များ ရွတ်ဆိုကြသည်။ ထို့နောက် ရှင်ဆင်းလှစေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းအား ဘုရားကြီးကျောင်းတိုက်မှ သံဃာတော်တစ်ပါးက ဖတ်ကြားသည်။ ၎င်းနောက် ဘုရားကြီး ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ပန္နက်တော်နှင့် လက်ရိုက်တော်တို့ကို ဆက်ကပ်ပြီး ဗဟိုပန္နက်တော်နှင့် အရပ်ရှစ်မျက်နှာတို့၌ နေရာယူ၍ မင်္ဂလာအချိန်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်(၂) ဦးစိုးဝင်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသောင်းနှင့် အလှူရှင်များက သတ်မှတ်နေရာမှစတင်ကာ ပန္နက်တော်တင်ပူဇော်ရာ နိုင်ငံတော်ဗဟိုဝန်ဆောင် သာစည်မြို့ သာယာကုန်းကျောင်းတိုက် ဆရာတော်နှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ သာစည်မြို့ မြို့ဦးကျောင်းတိုက်ဆရာတော်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ကြာကန်ကျောင်းတိုက်ဆရာတော် သာသနတက္ကသီလ မဟာဓမ္မာစရိယ ဒေါက်တာဘဒ္ဒန္တစန္ဒောဘာသက အောင်ဂါထာရွတ်ဖတ်ပူဇော်ပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က ပါရမီဆယ်ပါးအဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၈၇)**

## ပေါ်ဦးပေါ်ဖျား အင်ဥများ ဈေးကောင်းနေ

**မန္တလေး မေ ၁၄**

၂၀၂၀ပြည့်နှစ်က တစ်ပိဿာ နှစ်သောင်းခွဲရှိသည့် ယခုအင်ဥပေါ်စအချိန် ရန်ကုန်ဈေးကွက်တွင် အင်ဥတစ်ဆယ်သားတစ်သောင်းကျပ်ဖြစ်နေသည်။

အင်ဥကြိုက်သူများအနေဖြင့် ဈေးများတွင် အင်ဥရှာရခက်သဖြင့် ကုန်စိမ်းဒိုင်များနှင့် ဈေးကြီးများတွင်သာ အင်ဥရှာလိုရပြီး ဈေးငယ်များနှင့် ရပ်ကွက်ဈေးလမ်းဈေးတွင် အင်ဥရောင်းသူကို တွေ့ရခဲကြောင်း သိရသည်။ **(အောက်ပုံ)**

"အခုက စပေါ်ကာစလေ။ ဒီတော့ ပေါ်ဦးပေါ်ဖျားဆိုတော့ ဒီဈေးပေးရတာပေါ့။ နောက်မိုးကျလာရင်တော့ ဈေးကျလေ့ရှိပါတယ်။ ထုံးစံအတိုင်းဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါပဲ။ ဈေးသည်လေးတွေက အရင်းနည်းတော့ အင်ဥတစ်ဆယ်သားတစ်သောင်း၊ တစ်သောင်းခွဲဈေးဆိုတော့ ဘယ်တင်ရောင်း နိုင်မလဲ။ ဒီအချိန်က အင်ဥရောင်းရမှန်းသိပေမယ့် ဝယ်မတင်ထားနိုင်ဘူး။ အင်ဥကလည်း ဒီအချိန်စားလို့ အကောင်းဆုံးအချိန်ပဲဆိုတော့ ဈေးကောင်းတာသိပ်မထူးဆန်းဘူး"ဟု ကုန်စိမ်းရောင်းသူတစ်ဦးကပြောသည်။

ရာသီစာ အစားအစာတစ်မျိုးဖြစ်သည့် အင်ဥစပေါ်ချိန်တွင် တစ်ပိဿာကို ငွေကျပ်တစ်သိန်းကျော်နေသဖြင့် ရောင်းချသူများအနေဖြင့် အနည်းငယ်သာမှာယူ၍ ပြန်လည်ရောင်းချနေရပြီး တစ်ဆယ်သားလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချနေရသည်။

ယခင်နှစ်က တစ်ဆယ်သားလျှင် ငွေကျပ် ၅၀၀၀ နှုန်းသာရှိသော အင်ဥများသည် ယခုနှစ်တွင် တစ်ဆယ်သားလျှင် ငွေကျပ် ၁၅၀၀၀ အထိဖြစ်လာခဲ့ပြီး သုံးဆခန့်ဈေးနှုန်းမြင့်တက်လာခြင်းလည်းဖြစ်ကြောင်း သိရပါသည်။ **(မန္တလေးနေ့စဉ်-၆)**



## အခြေခံပညာကျောင်းများတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်

**ကျောက်ဆည် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး အခြေခံပညာကျောင်းများတွင် မေ ၁၂ ရက် နံနက်ပိုင်းက အဘိတ်ဆေးခတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ပူးပေါင်းပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး အစာမစားမီ၊ အစားအစာပြင်ဆင်ချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်၊ အိမ်သာမှဆင်းချိန်တို့တွင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ စနစ်တကျ ဆေးကြောကြရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်၊ ယင်လုံအိမ်သာရာနှုန်းပြည့်သုံးစွဲကြရန်၊ ရေကို ကျိုချက်၍သောက်ရန်၊ အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးရန်၊ အစားအစာများကို ယင်မနားအောင်လုံခြုံစွာ ဖုံးအုပ်ထားရန်၊ ခြင်၊ ယင်များ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် အသိပညာပေးခြင်းများကို အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ခဲ့သည်။

ကျောက်ဆည်မြို့နယ်တွင် မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ကျင်းပမည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် အ.မ.က (၆)ကျောင်းတို့တွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ ကလိုရင်းဆေးခတ်ခြင်း၊ ပိုးလောက်လမ်း ပေါက်ပွားနိုင်သော နေရာများအား အဘိတ်ဆေးခတ်ခြင်း၊ ဖုံးသွန်လဲစစ်ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာများအား ကလိုရင်းဆေးပက်ဖျန်းခြင်းနှင့် ထုံးဖြူးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စုစုအေး(ကျောက်ဆည်)**



## မြန်မာနိုင်ငံကြက်ခြေနီအသင်းက ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့

**မန္တလေး မေ ၁၄**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်ရှိ ငလျင်ဘေးသင့် အိမ်ထောင်စု ၁၆၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် ငွေကျပ်သိန်း ၈၀ကို မေ ၁၂ ရက်က ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အိမ်ထောင်စုတစ်စုလျှင် မိသားစုသုံးပစ္စည်း၊ အိမ်ဆောက်အထောက်အကူပြုပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ စောင်၊ ခြင်ထောင်၊ ရေသန့်ပုံး၊ တာပေါ်လင်၊ ဆန်၊ ဆီများကို အိမ်ထောင်စု ၁၆၀ အတွက် ပေးဝေခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ပြည်တွင်း၊ ပြည်ပ အနယ်နယ်အရပ်ရပ်မှလှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများကို ငလျင်ဘေးဒဏ်ခံစားနေရသော ရပ်ကွက်နှင့် ကျေးရွာများရှိ ပြည်သူများသို့ လက်ရောက်ပေးအပ်လျက်ရှိကြောင်း သိရသည်။

**(၀၄၅)**

## ကဆုန်ညောင်ရေသွန်းပွဲတော်အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲကျင်းပ

**ကွန်ဟိန်း မေ ၁၄**

မြန်မာ့ရိုးရာအမွေအနှစ် ရိုးရာအားကစားဖြစ်သည့် ရိုးရာလှေလှော်ပြိုင်ပွဲကိုပြုလုပ်ခြင်းဖြင့် ရိုးရာအားကစားကို မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ လူငယ်လူရွယ်များ လှေလှော်အားကစားနည်းကို စိတ်ဝင်စားလာပြီး ထူးချွန်၍ အရည်အချင်းပြည့်ဝသည့် လှေလှော်အားကစားသမားများ ပေါ်ထွန်းလာစေရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ နမ့်ပန်ချောင်းအတွင်းတွင် ယမန်နေ့ နံနက် ၉ နာရီက ကဆုန်ညောင်ရေသွန်းပွဲတော်အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲ ကျင်းပသည်။

ရိုးရာလှေလှော်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ တက်လှော် ၂၁ သင်းတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

*-*-*-*-*-*



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၂၅×၅၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်လှနှင်းထွေး(ဘ)ဦးကျော်လှ(၉/မနမ(နိုင်)၀၉၉၄၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်ထက်အောင် (LL.B)**
**အထက်တန်းရှေ့နေ**
**၆၃လမ်း၊ ၁၇လမ်းနှင့် ၁၈လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၉၅၄၂၀၈၆၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/ကြံ့ခိုင်ရေး)၊ ဦးပိုင်အမှတ်(၄၄)၊ မြေဧရိယာ(၀ ဒသမ ၀၂၉၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံနှင့်တကွ ပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပြီး အမည်ပေါက်သူ ဒေါ်ခင်ခင်ဦး(ဘ)ဦးလေးကျော်(၉/မရမ(နိုင်)၀၁၅၆၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် (၁)ဦးဟိန်းဝေယံခန့်(ဘ)ဦးနော်ဂျာ(၁/ရကန(နိုင်)၀၆၆၀၈၁)၊ (၂)ဒေါ်ဇင်မီမီကျော်(ဘ)ဦးမြင့်ရှိန်(၉/မတရ(နိုင်)၂၁၆၃၈၇)တို့က လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ –**
**(၁)ဦးဟိန်းဝေယံခန့်**
**(၁/ရကန(နိုင်)၀၆၆၀၈၁)**
**(၂)ဒေါ်ဇင်မီမီကျော်**
**(၉ /မတရ(နိုင်)၂၁၆၃၈၇)**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သူဇာဆွေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
၂၇လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၆၃၃၆၆

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၃)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ - ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ခင်စန်းလှ(ခ)ဒေါ်ခင်စမ်းလှ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းထက်အောင်(ဘ)ဦးမြင့်အောင်(၉/မဟမ(နိုင်)၀၃၄၀၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်အေးစုထွန်း (LL.B,LL.M,D.B.L)** — **ဒေါ်မာမာဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံ/တောင်၊ ရေထွန်းမြို့ကွက်သစ်အမှတ်(၁)၊ အကွက်အမှတ်(၄၀၅)၊ ဦးပိုင်အမှတ်(င/၂၈-၂၉)၊ ဧရိယာ ပေ(၃၀×၆၀) အကျယ်အဝန်းရှိ ဒေါ်သန်းမြ အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း အရှေ့-အနောက် ၁၅ ပေ၊ တောင်-မြောက် ပေ ၃၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် အဆောက်အအုံ၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင်၊ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဒေါ်သင်းသင်းနိုင်(ဘ)ဦးစိန်ရွှေ(၉/တသန(နိုင်)၁၇၇၀၅၉)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်မည့်သူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စများအား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်အေးအေးမြင့် (LL.B) အထက်တန်းရှေ့နေ**
**အကွက်(၄၅၄)၊ နတ်ရွာကုန်းရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၈၉၉၁၃၃၀၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)တွင် တည်ရှိသော ဦးပိုင်အမှတ်(၃၂)အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပျဉ်ထောင်အိမ်တစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်အေးအေးမြင့်(၅/ငဇန(နိုင်)၀၆၅၂၁၈)၊ ဦးမျိုးချစ်(၉/ခမစ(နိုင်)၀၄၂၃၀၂)၊ ဦးမောင်ဦး(ခ)ဦးတင်ထွန်းဝင်း(၉/ခမစ(နိုင်)၀၇၃၈၀၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်(မီးမီတာ) အပါအဝင် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်နှင်းဇာခြည်ဦး(၉/မဟမ(နိုင်)၀၄၃၃၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၁၀)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကြည်လှ(၉/မရမ(နိုင်)၀၂၅၇၁၃)၊ ဒေါ်နိုင်နိုင်(၉/မရတ(နိုင်)၀၅၉၁၄၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၂)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်အမှတ်အမှတ်-၃၁၃၄/၂၀၂၄-၂၀၂၅ အရ ဒေါ်အေးအေးစန်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်ဝင်း (ဘ)ဦးသန်းမောင်(၉/အမရ(နိုင်)၁၀၁၀၀၈)ထံမှ ကျွန်ုပ်တို့အမှုသည်က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့သဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဖြူအောင်(LL.M)** — **ဒေါ်ဖြိုးဝေလှိုင်(LL.B)**
**စဉ်-၉၄၀၄** — **စဉ်-၁၄၆၉၇**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်း – ၃၄လမ်းနှင့်၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂)၊ ဦးပိုင်အမှတ်(၇၀-က)၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ ၁၀၇လမ်းနှင့်၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင့်ဝါလှိုင်(၉/မနမ(နိုင်)၁၀၉၇၁၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ နိုဘယ်(လ်) ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ **မောင်ဂျူးကိုကို** ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ **ဦးကျော်ထွန်းဝင်း** ဖြစ်ပါကြောင်း။

**ဦးကျော်ထွန်းဝင်း**
**(၉ /ကဆန(နိုင်)၁၃၈၄၃၉)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်းများ ဆောင်ရွက်

**ညောင်ဦး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် အထင်ကရ ဘုရားကြီး(၁၁)ဆူ အနီးတွင် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံ-ညောင်ဦးဒေသ သမိုင်းဝင် အထင်ကရ ဘုရား၊ စေတီများသို့ လာရောက်ဖူးမြော်ကြသည့် ခရီးသွားဧည့်သည်များနှင့် ဘုရား၊ စေတီ၊ ပုထိုးများအနီးတွင် ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချလျက်ရှိသော ဈေးသူ၊ ဈေးသားများ၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု၊ ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ၏ အကျိုးသက်ရောက်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးတို့ကို သိရှိနိုင်ရန်နှင့် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ မေလမှစတင်ကာ လစဉ်တိုင်း ဝန်းကျင်လေထုအရည်အသွေးတိုင်းတာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင်လည်း ရွှေစည်းခုံစေတီတော်ရင်ပြင်၌ ဝန်းကျင်လေထုတိုင်းတာခြင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နန်းနွယ်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်၊ ခရိုင်သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းသိန်းနှင့် ဝန်ထမ်းများ၊ ရွှေစည်းခုံဘုရားဂေါပကအဖွဲ့တာဝန်ရှိသူများနှင့် တိုင်းတာရေးအဖွဲ့ဝင်များက Carbon Monoxide(CO)၊ Carbon Dioxide($CO_2$)၊ Nitrogen Dioxide($NO_2$)၊ Sulphur Dioxide($SO_2$)၊ Ozone($O_3$)၊ Particulate Matter($PM_{10}$၊$PM_{2.5}$)နှင့် Relative Humidity(RH%) စသည့် Parameter ခုနစ်မျိုးပါဝင်သော Scentroid SL 50 တိုင်းတာရေးစက်ဖြင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

ဝ-ဝ-ဝ-ဝ-ဝ



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။




## ရတနာပုံအသင်းက ရောဝတီယူနိုက်တက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် မေ ၁၄**

MNL (U-21)Youth League 2025 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ဗဟန်းမြက်ခင်းတုကွင်းတွင် ရတနာပုံအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက ရောဝတီယူနိုက်တက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံ အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ရဲရင့်အောင်က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay မှ ချီးမြှင့်သည့် AYA Pay Man Of the Match အကောင်းဆုံးကစားသမားဆုကို လက်စွမ်းပြခဲ့သည့် ဂိုးသမား အာကာမင်းအုပ်(ကျောနံပါတ်-၇၅)က ရရှိခဲ့သည်။

MNL (U-21)Youth League 2025 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ပွဲကစားအပြီးတွင် ရတနာပုံအသင်းက ၂ပွဲနိုင်၊ ၁ပွဲရှုံးရလဒ် ရမှတ် ၆ မှတ်ဖြင့် အဆင့်(၆)နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

**(NGB)**

0-0-0-0-0